# ရှိမရှန်း(န)

၏

# နောက်ဆုံးခြေသံများ



ရှိဟင်းကိန်း

ပြုစုသည်။

THE ART GARDEN ROHINGYA

# ရိုမရနှ်(နှ)

# ၏

# နောက်ခံဝုံးခြောသံများ

ရှုဟင်းကိန်း

The Art Garden Rohingya

THE ART GARDEN ROHINGYA
www.theartgardenrohingya.com
theartgardenrohingyaeditors@gmail.com

# စာအုပ်မှတ်တမ်း


အမည်- **"ရှိမရှန်(န)၏ နောက်ဆုံးခြေသံများ"**

ပုံနှိပ်ခုနှစ်- နိုဝင်ဘာလ၊ ၂၀၂၀ ပြည့်နှစ်။

ပြုစုသူ- ရှိဟင်းကိန်း

ထုတ်ဝေ- The Art Garden Rohingya

မျက်နှာဖုံး- ရှိဟင်းကိန်း

အတွင်းဒီဇိုင်း- ရှိဟင်းကိန်း



မူပိုင်- ©The Art Garden Rohingya

# မာတိကာ


အမည် စာမျက်နှာ

ကဗျာဆရာမ ရှိမရှန်(န) [၁၉၈၁-၂၀၂၀] ............................ ၇

စကားချီး................................................................၉

ကမ်းပျောက်ဘဝ ....................................................၂၅

ချန်ရစ်ခဲ့တော့ ....................................................... ၂၆

မင်း .......................................................................၂၇

အစိမ်းရောင် .........................................................၂၈

လူသား ................................................................... ၂၉

လေထဲက ဖုန်မှုန့် ....................................................၃၀

လမ်း ..................................................................... ၃၁

နွေ ........................................................................ ၃၂

သစ်အိုပင် .............................................................. ၃၃

ကန္တာရခရီးသည် ...................................................၃၄

ပြိုးစမ်းပါ...မိရှိ (၁) ..............................................၃၅

တမ်းတမ်းတတ .....................................................၃၆

ပြိုးစမ်းပါ..မိရှိ (၂) ...............................................၃၇

အနိစ္စ ........................................................ ၃၈

ချစ်သောမေမေ ........................................................ ၃၉

ဝေးခဲ့ကြပြီ ........................................................ ၄၀

Life Partner ........................................................ ၄၁

Silent ........................................................ ၄၂

Teacher ........................................................ ၄၃

မနေ့က အိပ်မက် ........................................................ ၄၄

ဆာရာ ........................................................ ၄၅

ပွဲတင်သံ ........................................................ ၄၆

မွေးရပ်မြေ တမ်းချင်း ........................................................ ၄၇

တိမ်တစ်စ ........................................................ ၄၈

ရော်ရွက်ဝါ ........................................................ ၄၉

စာမျက်နှာများ ........................................................ ၅၀

ကမ်းလက် ........................................................ ၅၁

သုံးရောင် ........................................................ ၅၂

မေးမြန်းခြင်း ........................................................ ၅၄

နောက်ဆက်တွဲ ........................................................ ၅၈

ကိုးကား ........................................................ ၆၀



# ကဗျာဆရာမ ရှိမရှန်(န) [၁၉၈၁-၂၀၂၀]

ကဗျာဆရာမ ရှိမရှန်(န)ကို ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ နာဇီရွာမှာ ဖွားမြင်ခဲ့ပါသည်။ အမည်ရင်းမှာ ရှိကိုင်ယ်ယာဟ် ခေါ် မလှလှဝင်း ဖြစ်ပါသည်။ မိဘတို့မှာ ဖခင် ဦးဝလီအုလ္လာဟ် ခေါ် ဦးကျော်ဝင်းနှင့် မိခင် ဒေါ်ဆော်ဖူရာ တို့ဖြစ်ကြသည်။ မိဘဇာတိမှာ ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ မြို့မငါးခူရ ဖြစ်ပါသည်။

အခြေခံပညာကို စစ်တွေမြို့တွင် သင်ယူပြီး အဆင့်မြင့်ပညာအဖြစ် ဓာတုဗေဒ ဘာသာရပ် အထူးပြုဖြင့် ဘီအက်စီ (B.Sc) ဘွဲ့ ရရှိခဲ့ပါသည်။ အရွယ်ရောက်လာပြီး အသက် ၂၁ နှစ် အရွယ်တွင် ကြင်ရာစုံမက် ဆုံခဲ့သည်။ အိုစမာ နာမည်နှင့် သားရတနာ တစ်ယောက် ဖွားမြင်ခဲ့ပါသည်။

ဆရာမသည် စာဖတ်ခြင်းနှင့် စာရေးခြင်းကို အထူးဝါသနာပါသည်။ **"ကဗျာကတော့ ကျမစိတ်ထဲ တစ်ခုခုခံစားရတဲ့အခါမျိုးမှ ရေးဖြစ်တာပါ"** ဟု အင်တာဗျူးတစ်ခုမှာ ဖြေဆိုခဲ့ပါသည်။ ဆရာမသည် ROHINGYA TODAY၊ ARAKAN PEN၊ THE ART GARDEN ROHINGYA စသော အွန်လိုင်းစာမျက်နှာများတွင် ကဗျာများစွာ ရေးဖွဲ့ဖော်ပြခဲ့ပါသည်။

ဆရာမသည် The Art Garden Rohingya ၌ ကဗျာများရေးဖွဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ARG ၏ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့ပါသည်။ နောက်ဆုံးအချိန်ထိ အယ်ဒီတာ့တာဝန်များကို စိတ်ကောင်းစေတနာနှင့် ကျေကျေပွန်ပွန် ထမ်းရွက်ခဲ့ပါသည်။ ဆရာမ နောက်ဆုံးရေးသားခဲ့သော လက်ရာမှာ **"ချစ်သောမေမေ"** ကဗျာ ဖြစ်၏။ ဆရာမသည် စာရေးဆရာ အကြည်တော်၏ ကဗျာအဖွဲ့အနွဲ့ကို အလွန်ပင် နှစ်သက်သူဖြစ်ပါသည်။ **"သူရဲ့စာတွေဟာ စာဖတ်သူကို ရယ်မောခြင်းဖြင့် အပန်းဖြေရုံမကဘဲ ရသမျိုးစုံပေးစွမ်းနိုင်လို့ပါ"** ဟု စာရေးဆရာ အကြည်တော့်ကဗျာများ နှစ်သက်ရခြင်း၏ အကြောင်းကို ရင်ဖွင့်ခဲ့ပါသည်။

ဆရာမသည် ၂၀၁၉ ခုနှစ် အစောပိုင်းကပင် အဆုတ်ကင်ဆာရောဂါ ခံစားနေရပြီး ပြည်တွင်းပြည်ပ၌ အဆက်မပြတ် ဆေးကုသမှုခံယူခဲ့ပါသည်။ သေခြင်းတရားသည် မည်သူ့ကိုမှ မလွတ်ပေ။ နုပျိုသည်ဖြစ်စေ၊ အိုမင်းသည်ဖြစ်စေ၊ ဉာဏ်ပညာ ကြီးသည်ဖြစ်စေ၊ ခွန်အားဗလ သန်သည်ဖြစ်စေ အချိန်တန်လျှင် သေခြင်းတရားကို ရင်ဆိုင်ရမည်မှာ ဓမ္မတာတရားပင်။ သတ္တဝါတိုင်းသည် သေခြင်းတရား၏ အရသာကို မုချ မြည်းကြရမည်သာ။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၇ ရက် ညနေ ၄ နာရီချိန်တွင် မိမိ၏ ချစ်သောမေမေ၊ တစ်ဦးတည်းသော သားရွှေ တို့ကို အပြီးသတ်နှုတ်ဆက် ကျော့နိုင်းကာ အလ္လာဟ့်အမိန့်တော် ခံယူခဲ့လေသည်။

အလ္လာဟ်အသျှင်မြတ်တော်သည် ဆရာမ ရှိမရှန်(န)အား အအေးချမ်းဆုံး နေရာ ချီးမြှင့်တော်မူပါစေ။ အာမိန်း။

●♦●

# စကားချီး

## "အနုပညာရှင် သေသော်လည်း လက်ရာမသေ"

ညနေ ၆ နာရီ ဝန်းကျင်လောက်ရှိမယ်...

ဖေ့စ်ဘုတ် ခဏ ဝင်ကြည့်လိုက်တော့ သတင်းတွေ ဖတ်ရင်း ၁၀ မိနစ်လောက် ရှိပြီ။ ကလိင်ကလိင်နဲ့ စာတိုတစ်ချက် ဝင်လာတယ်။ အွန်းလိုင်းဖွင့်တာနဲ့ စာတိုတွေ၊ ကြော်ငြာတွေ ခဏခဏ နှောင့်ယှက်တာက ထုံးရိုးတစ်ခုပါပဲ။ အဲဒါကြောင့် ကနဦးက ဝင်လာတဲ့စာတိုကို လျစ်လျူရှုထားပြီးတော့ နောက်မိနစ် ၂၀ ခန့်ကြာမှ စာတိုတွေ ခဏစစ်ကြည့်မယ်လို့ အတွေးပေါ်လာတော့ ဝင်ကြည့်လိုက်တာနဲ့ နာရေးသတင်းဖြစ်နေတာကို ရိုပ်စားမိတယ်။ သေချာမဖတ်ဘဲ အောက်ကစာတိုတွေကို သွားဖတ်နေတယ်။ မျက်စိလေးက အထက်စာတိုပါ နာမည်တစ်ခုပေါ် ရုတ်တရက် ရောက်သွားတယ်။ မြင်တာနဲ့ မယုံနိုင်သလို၊ ပါးစပ်က ဘာထွက်ရမှန်းမသိသလို လန့်သွားမိတယ်။ ဘယ်လိုမတုန်လှုပ်ဘဲ နေနိုင်ပါမလဲ။ အဲ့ဒီနာမည်က

အခြားမဟုတ်ဘူး။ ရှိဟင်ဂျာကဗျာဆရာမ ရှိမရှန်(န)...ပဲ။ အော်...လောကကြီးက ဒီလိုပါလား။ တစ်လှေတည်း စီးသွားနေတုန်း အဖော်တစ်ယောက် နှုတ်ဆက်သွားခဲ့ပြီလား။ သူတစ်ပါးကို အလင်းပေးနိုင်စွမ်းရှိတဲ့ ကြယ်တစ်လုံး ဆုံးရှုံးလိုက်ရတာ နမြောမဆုံးပါပဲ။ တစ်မျိုးသားလုံးအတွက် မဖြေဆည်နိုင်တဲ့ ဆုံးရှုံးမှုတစ်ခုပဲ။ ကျနော်သိတဲ့ ဆရာမအကြောင်း နဲနဲပြောပြချင်တယ်။

ဆရာမနဲ့ကျနော် ရင်းနှီးခဲ့တာ အချိန်တော့ သိပ်မကြာခဲ့ပါဘူး။ နာမည်သိတော့ သိတယ်။ ဒါပေမဲ့ လူချင်းရင်းနှီးမှုမရှိခဲ့ဘူး။ သူက အွန်လိုင်းစာမျက်နှာတွေမှာ ရေးတဲ့ကဗျာတွေ သူနဲ့မရင်းနှီးသေးခင်ကပင် ဖတ်ဖူးတယ်။ အရေးအစပ် ကောင်းလွန်းလို့ စိတ်ထိတယ်။ သဘောကျသွားတယ်။ သူ့အရေးအသား ကောင်းသလို စိတ်ကူးယဉ်လည်း ဆန်တယ်။ စိတ်ဝင်စားဖွယ်လည်းကောင်းတယ်။ စကားမစပ်။ သူနဲ့ရင်းနှီးလာတဲ့ အချိန်ကတော့ ၂၀၁၉ အစပိုင်းလောက်မှာ ဖြစ်တယ်။ ကျနော်တို့ AGR ကဗျာစာပေ စာမျက်နှာထူထောင်ပြီးတော့ ကလောင်ရှင်တွေက ကဗျာတွေစာမူတွေ ပို့လာတဲ့ချိန်မှာ သူလည်း ကဗျာတွေပို့လာတယ်။ AGR က မေးမြန်းခဲ့တဲ့ အင်တာဗျူးကို ဖတ်ရတော့ ပုဂ္ဂိုလ်ရေးပိုင်းလဲ တစ်ပိုင်းတစ်စ သိလာတယ်ပေါ့။ အဲ့ဒီကနေ အချိန်ကြာလေ သူ့အကြောင်း တစ်စတစ်စ ပိုပိုပြီး သိလာတာပေါ့။ ၂၀၂၀ အစပိုင်းလောက်မှာ အယ်ဒီတာတွေ တိုးချဲ့ချိန်မှာ AGR အယ်ဒီတာအဖွဲ့မှာ သူလည်းပါဝင်လာပါတယ်။ မြန်မာကဗျာအပိုင်းမှာ အယ်ဒီတာလုပ်ခဲ့တယ်။ ကျနော်လည်း မြန်မာကဗျာအပိုင်းကိုင်တော့ အလုပ်တွေ အတူတူလုပ်လာခဲ့တယ်။ လုပ်ဖော်ကိုင်ဖက် ဖြစ်သွားရော။ သူ့အကြောင်း ပိုသိလာတာပေါ့။ တစ်ခါတလေ အယ်ဒီတာတွေ အွန်လိုင်းတွေ့ဆုံ ဆွေးနွေးတာမှာ ဖော်ရွေနေတတ်တဲ့ သူ့ရဲ့စိတ်ဓာတ်ကို ချီးကျူးထိုက်လောက်တယ်။ တဖန် လူငယ်ကလောင်ရှင်တွေကို ဆိုဆုံးမတာ၊ ညွှန်ကြားပေးတာတွေမှာလည်း သူ့ရဲ့ စိတ်ကောင်း စေတနာတွေကို သိသာထင်ဟပ်စေတယ်။

အံ့ဩစရာကောင်းတာက ဒီလောက် ကြောက်မက်ဖွယ်ကောင်းတဲ့ ရောဂါကြီးကို ခံစားနေရတဲ့သူတစ်ယောက်ဟာ ဘယ်တော့မှ ဘဝကိုအရှုံးမပေးခဲ့ဘူး။ စိတ်ဓာတ်ကျတာလည်း မတွေ့ခဲ့ဘူး။ သူ့ရဲ့ ရောဂါအကြောင်းတောင် ဖွင့်ဟပြောခဲ့တာ မရှိဘူး။ အချိန်တိုင်း ကျန်းမာနေသူတစ်ယောက်လိုပါပဲ။ သွက်သွက်လက်လက်၊ ထထကြွကြွပါပဲ။

တစ်နေ့ သူနဲ့ ဆွေးနွေးပြောနေတုန်း စကားတစ်ခွန်းပြောလာတယ်။ "ကျမ မနက်ဖြန် ဆေးရုံတက်ရတော့မယ်။ ဒီတလော့ ကျမ ခွင့်နဲ့နေရပါတော့မယ်" လို့ ဆိုတော့ ကျနော်တို့ တိုင်ပင်ဆွေးနွေးနေတဲ့ အယ်ဒီတာအချို့ ဖျန်းခနဲ လန့်သွားတယ်။ ဆရာမ နာမကျန်းဖြစ်တာကို ပထမအကြိမ် သိရတာကြောင့်လေ။ ဆရာမ ဘာဖြစ်တာလဲ မေးကြည့်တော့" စိုးရိမ်စရာ မဟုတ်ဘူးတဲ့၊ အဆုတ်ခွဲစိတ်ရမှာတဲ့၊ နှစ်ပတ်လောက်ဆိုရင် ကောင်းသွားမှာတဲ့။ အင်မတန် အားတင်း ရောင့်ရဲတတ်တဲ့ စိတ်ဓာတ်ပိုင်ရှင်ဖြစ်ပါပဲ။

ဒီ "ရှီမရှန်း(န)၏ နောက်ဆုံးခြေသံများ" ကဗျာစာအုပ်ကတော့ ဆရာမ မကွယ်လွန်မီ သုံးလေးနှစ်အတွင်း ရေးစပ်ခဲ့တဲ့ ကဗျာတွေ စုစည်းထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ဆရာမအား ဂုဏ်ပြုတဲ့အနေနဲ့ စာအုပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါတယ်။ ဆရာမ ရောဂါခံစားနေတုန်းက ရေးသားခဲ့တဲ့ ကဗျာတွေမှာ ဘဝရဲ့ခါးသီးချိုမြိန်တဲ့ ဓမ္မတာတွေကို ထည့်သွင်းဖော်ပြထားတာ တွေ့ရတယ်။ တစ်စတစ်စနဲ့ နောက်ဆုတ်နေတဲ့ မျှော်လင့်ချက် နာရီလက်တံဟာ အတိတ်ရဲ့ ရောင်ခြည်ကို နှုတ်ဆက်ရင်း ဖြတ်ကျော်နေတဲ့ ခံစားချက်တွေကို ကလောင်တံနဲ့ ခြယ်သလိုက်တဲ့အဖွဲ့တွေ၊ အတွေးတွေဟာ အင်မတန်မှ စိတ်ဝင်စားဖွယ် ကောင်းပါတယ်၊ မှတ်သားဖွယ်ရာပါပဲ။ ဒါ့အပြင် သူရဲ့ကဗျာအဖွဲ့အစပ်တွေမှာ ဒုက္ခရောက်နေတဲ့ မိမိရဲ့အမျိုးကို တစ်ဖက်တစ်လှမ်းကနေ ကူညီချင်တဲ့ စိတ်မွန်စိတ်မြတ်တွေ ထင်ဟပ်နေပါတယ်။

ဆရာမဟာ မိမိအမျိုးနဲ့အတူ ကြာကြာမနေနိုင်၊ ကံမကောင်းစွာ ခွဲခွာခဲ့ရပေမယ့် ဆရာမရဲ့ ကလောင်လက်ရာတွေကတော့ ရှီဟင်ဂျာတစ်မျိုးသားလုံးနဲ့အတူ အမြဲရှင်သန်နေပါလိမ့်မယ်။ "ကဗျာဆရာမ သေသော်လည်း သူ့လက်ရာက မသေ၊ အစွမ်းတက်လျက်ပင်"တည်း။

ရှီဟင်းကိန်း

(၂၅-၁၀-၂၀၂၀)



## ရိုဟင်ဂျာထဲက အာဂ ကဗျာဆရာမ

လွန်ခဲ့တဲ့ ၂ နှစ်အရင်က ညီအရင်းလို ချစ်ခင်တဲ့ Mohammed Farook ရဲ့တောင်းဆိုမှုကြောင့် ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးရေးတဲ့ ကဗျာတစ်ပုဒ်ကို တည်းဖြတ်ခွင့်ရခဲ့ပါတယ်။ "ညည်းသံသဲ့သဲ့ ကြားမိတယ်၊ နှုတ်ခမ်းကလား၊ နှလုံးသားကလား" ချီ ဒီကဗျာလေးဟာ ထုထည်ကြီးမားတဲ့ ဖိနှိပ်မှုသံသရာထဲ နာကျင်မှုတွေနဲ့ တဝဲဝဲဖြစ်နေတဲ့ ရိုဟင်ဂျာတို့ရဲ့ဘဝအမှန်ကို ထင်ဟပ်ပေါ်လွင်စေပါတယ်။ မြန်မာ့တပ်မတော်ရဲ့ လူမဆန်တဲ့ လူမျိုးတုံးသတ်ဖြတ်မှု စစ်ဆင်ရေးအောက်မှာ အခါခါ နင်းပြားခံရတဲ့ ရိုဟင်ဂျာ အလှ္ဘာပေါင်းစုံရဲ့ နာကျင်ဆို့နင့်သံကို သူ့ကဗျာစာသားတိုင်းမှာ ကြားရပါတယ်။ ကဗျာမှာ ကဗျာဆရာမက မေးခွန်းတွေ အကြိမ်ကြိမ်ထုတ်ပြီး၊ မေးခွန်းကို မွေးခွန်းနဲ့ ဖြေဆိုနေဟန် ဖွဲ့စပ်ထားပါတယ်။ တကယ်ပဲ လက်ရာမြောက်တဲ့ ကဗျာတစ်ပုဒ်ဖြစ်ပါတယ်။ ကဗျာဖတ်သူကိုလည်း ကရုဏာရသ အပြည့်အဝ ခံစားစေပါတယ်။ ကမ္ဘာ့အဖိနှပ်ခံရဆုံး လူမျိုးစုတစ်စုဖြစ်တဲ့ ရိုဟင်ဂျာတွေ၊ မိမိခံစားနေရတဲ့ နာကျင်မှုတွေကို ဖွင့်ဟဖို့ ဆို့ထစ်နေတဲ့ ရိုဟင်ဂျာတွေ၊ ဒီလူတွေရဲ့နာကျင်စရာတွေကို ကဗျာဆရာမက သူ့ကဗျာမှာ ကိုယ့်လူမျိုးကိုယ်စား ဖွင့်ဟနေတဲ့ဟန် စပ်ဖွဲ့ထားတာပါ။ ပြောရရင် ရင်နာစရာတွေကို ဆို့နင့်သံမျိုးနဲ့ ရင်ဖွင့်နေသည့်အလား။

ကဗျာကို တည်းဖြတ်စရာတွေ တည်းဖြတ်ပြီးတဲ့နောက် "ပုံတင်သံ" ဆိုပြီး ခေါင်းစဉ်တပ်လိုက်တယ်။ ပြီးတော့ Rohingya Today Website မှာ တင်ပေးဖို့ **"ရေးဖွဲ့သူက ရိုဟင်ဂျာ အမျိုးသမီးမို့ တင်ပေးလိုက်ရင် သူ့အတွက် ရှေ့ဆက် ကဗျာတွေရေးဖို့ စွမ်းအားတွေ ဖြစ်လာနိုင်ပါတယ်။"** ဆိုပြီး တောင်းဆိုတော့ ကိုနေဆန်းလွင်ကလည်း လိုလိုလားလား တင်ပေးပါတယ်။ ဒါတွေက ကျွန်တော်နဲ့ ကိုနေဆန်းလွင် လုပ်နေကျမို့ ကျွန်တော် ဘာဆိုလိုမှန်း ကိုနေဆန်းလွင် ချက်ချင်းသိပါတယ်။ ရိုဟင်ဂျာတွေ မိမိခံစားနေရတဲ့ မတရားမှုတွေကို ကဗျာစပ်ပြီး မှတ်တမ်းတင် မျှဝေဖို့ ကျနော့်ရဲ့ ကာလရှည်ကြာမက်လာတဲ့ အိပ်မက်။ ဒီအိပ်မက် တဖြည်းဖြည်း ပြည့်ဝလာနေပါရဲ့။

ဒီလိုနဲ့ ကဗျာလေး RT မှာပါလာတော့ ကဗျာဆရာမက **"ကျမ ဒီနေ့ သိပ်ကို ပျော်နေပါတယ်။ ကျမအိပ်မက်လေး တကယ်ဖြစ်လာပါပြီ"** တဲ့။ ကဗျာဆရာမရဲ့ ပျော်ရွှင်ခြင်းတွေ ကျွန်တော့်ဆီ ကူးစက်လာပါတယ်။ ညည့်နက်ချိန်ဝယ် ကျွန်တော် ပီတိတွေစားရင်း တစ်ကိုယ်တည်း ပြုံးမိပါရဲ့။ ကဗျာဆရာမရဲ့ ဘဝအမှန်ကို နောင်မှာ သိခွင့်ရလာတော့ "ကျွန်တော့်ဘဝမှာ အကောင်းဆုံး အလုပ်တစ်ခုကို ကျွန်တော် တကယ်လုပ်ခဲ့တာပဲလား" ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမဆုံး ဖြစ်နေပါပြီ။

သူဘယ်သူလဲ။ ကျွန်တော်နဲ့မဆိုင်ပေမယ့် တကယ်ကို သိချင်လာမိတယ်။ ရိုဟင်ဂျာတွေရဲ့ ဘဝအမှန်ကို ကွက်ကွက်ကွင်းကွင်း ထင်ဟပ်စေတဲ့ ဒီလိုကဗျာမျိုးတွေ ကျွန်တော် ရှားရှားပါးပါးပဲ ဖတ်ခွင့်ရလို့ပါ။ ကျစ်လျစ်ထိမိပြီး ရသမြောက်တဲ့ ဒီကဗျာကို ရေးဖွဲ့သူဟာ ရိုဟင်ဂျာထဲက တမူးထူးခြားတဲ့ ကဗျာဆရာမ တစ်ဦးဆိုပါတော့။

ရှိမရှန်(န) ကလောင်အမည်နဲ့ ကဗျာဆရာမဟာ ဒီ"ပုံတင်သံ" ကဗျာနောက်မှာတော့ ကဗျာတွေ မကြာမကြာ စပ်ဖွဲ့လာပါတယ်။ ရိုဟင်ဂျာတွေရဲ့ ဘဝကို ထင်ဟပ်စေတဲ့ ကဗျာတွေအပြင် သူ့ဘဝရဲ့အတွေ့အကြုံတွေကို အခြေခံပြီး ဖွဲ့ဆိုဟန်ရှိတဲ့ အသိအမြင်မျှဝေတဲ့ သူ့ကဗျာမှန်သမျှဟာ ကဗျာတစ်ပုဒ်ရဲ့ဂုဏ်အင်နဲ့ ပြည့်ဝနေလျက်။ ဆရာမရဲ့ ကဗျာအများစုမှာ ဆရာမရဲ့ဘဝတစ်စိတ်တစ်ပိုင်းကိုလည်း တွေ့ရတတ်ပါတယ်။ တစ်ခါတစ်ခါ ဘဝတိုက်ပွဲမှာ နွမ်းလျနေသူတစ်ဦးရဲ့အသံ၊ တစ်ခါတစ်ခါ

ဘဝတိုက်ပွဲကို လက်မလျှော့ခေါင်းမငုံ့ဘဲ ခေါင်းမော့အံတုကာ ဖြတ်သန်းနေရသူတစ်ဦးရဲ့အသံ၊ တစ်ခါတစ်ခါ တရားနဲ့ဖြေသိမ့်နေသူတစ်ဦးရဲ့အသံတွေကို ကဗျာတွေမှာ ထည့်ဖွဲ့တတ်ပါရဲ့။

**"အနိစ္စ"** - သေခြင်းတရားကို သတိရစေပြီး ဆင်ခြင်တုံတရားကို ရရှိစေတဲ့ ဒီကဗျာလေးမှာ ကဗျာဆရာမရဲ့ တည်ငြိမ်မှု၊ ရင့်ကျက်မှုတွေကို တွေ့ရပါတယ်။ "ကြင်နာသူလည်း မခေါ်နိုင်၊ ရင်နစ်သည်းချာလည်း မလိုက်နိုင်၊ စည်းစိမ်ဥစ္စာအကုန် ချန်ရစ်လို့၊ အထီးကျန်စွာ သွားရမယ့် ဒီခရီး"။ ကဗျာထဲက စာသားတစ်စိတ်တစ်ပိုင်းပါ။ ဆရာမဟာ သေခြင်းတရားကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်ဖို့ ကြိုးစားနေသူတစ်ဦးမှန်း ဒီစာသားတွေမှာ ကျွန်တော် တွေ့လိုက်ပါတယ်။

**"တမ်းတမ်းတတ"** - ဒီကဗျာလေးဟာ ဆရာမရဲ့ ဘဝအမှန်ကို ဖွဲ့ဆိုခဲ့တဲ့ ကဗျာလေးပဲလား။ ကဗျာလေး ဖတ်ပြီးတဲ့နောက် "မဟုတ်ပါစေနဲ့လို့" ကျွန်တော် တိတ်တဆိတ်ဆုတောင်းလိုက်မိတဲ့အထိ ကဗျာလေးက ထိမိပါတယ်။ ကဗျာထဲက ချန်ရစ်ခဲ့ရသူအပေါ် ကရုဏာရသနဲ့ ကျောခိုင်းသွားသူအပေါ် ဝိဘစ္ဆရသ ရသနှစ်ပါးကို တစ်ပြိုင်နက်တည်း ခံစားစေတဲ့ ကဗျာလေးတစ်ပုဒ်ပါ။ နလုံးသားနနယ်နေသူတွေ ဒီကဗျာကို မဖတ်ပါနဲ့လို့တောင် မှာလိုက်ချင်သလိုလို။

**"ကန္တရခရီးသည်"** - ရာသီစက်ဝန်းမှာ နီးရာတွေ့ရာတွေနဲ့ အသားကျစွာ ဖြတ်သန်းနေတဲ့ လူသားက ကဗျာဆရာမပဲလားလို့ ယခုအချိန်မှာ ဆရာမကို အော်မေးလိုက်ချင်မိပါရဲ့။ ဆရာမရဲ့ အလွမ်းဓာတ်ခံနဲ့ ဘဝအားမာန်တွေကို ကွက်ကွက်ကွင်းကွင်း တွေ့လိုက်ရတဲ့ နှစ်လိုဖွယ် ကဗျာလေး တစ်ပုဒ်ဆိုပါတော့။

ငယ်ဘဝက သူငယ်ချင်းတွေကို သတိရတာ ရေးဖွဲ့တဲ့ **"ဝေးခဲ့ရပြီ"** ကဗျာလေးဟာ ကိုယ့်ငယ်ဘဝကိုလည်း ပြန်ပြောင်းသတိရစေပါတယ်။

**"ချစ်သောမေမေ"** - မိခင်ကို တိုင်တည်နေဟန်နဲ့ မိခင်တစ်ဦးရဲ့ မေတ္တာဘွဲ့ကို ဖွဲ့ဆိုခဲ့တဲ့ ကဗျာလေးကလည်း ဆရာမရဲ့ လက်ရာမွန်ထဲက တစ်ပုဒ်ပါ။

"အသက်လုပြေး၊ လက်ဗလာနဲ့

ယူမလာနိုင်၊ ပိုင်ဆိုင်မှုတစ်စရယ်မှ

ရင်နစ်သည်းချာကို မြဲမြဲအောင်ဆုပ်ကိုင်လို့

တစ်ဘဝစာလုံး ဖုံးကာအုပ်ခဲ့တဲ့

အရက်သိက္ခာ ဂရုမစိုက်နိုင်ဘူး

ထမိန်ကို ခပ်တိုတိုဝတ်ကာ

လှမ်းခဲ့ရတဲ့ ဒီခြေလှမ်း

ပြုံးစမ်းပါ..မိရို၊" တဲ့။ ဘဝမှာ အရာရာ အတင်းလုယူ ဖျက်ဆီးဆုံးရှုံးခံရလို့ အားအင်ခွဲနေတဲ့ ရိုဟင်ဂျာကလေးမတွေကို အားပေးတဲ့ **"ပြုံးစမ်းပါ - မိရို (၁)၊ ပြုံးစမ်းပါ - မိရို (၂)"** ကဗျာနှစ်ပုဒ်မှာ ကဗျာဆရာမရဲ့ စိတ်ဓာတ်အလှ၊ စေတနာအလှတွေကို မတွေ့တွေ့အောင် တွေ့လိုက်ရပါတယ်။

"ရှားရှားပါးပါး တောင်လေအားကိုးနဲ့ ဒီနွေအပူကို အံတုလို့ ရှေ့ဆက်ကြမယ်နွေ" တဲ့။ "နွေ" ရယ်၊ "ဆရာမရယ်" လို့တောင် တလိုက်ချင်မိအောင် လက်ရာမြောက်လွန်းတဲ့ **"နွေ"** ဆိုတဲ့ ကဗျာ။

ကဗျာခေါင်းစဉ်က **"လမ်း"** တဲ့၊ ဒါပေမယ့် ဒါဟာ သာမန်လမ်း အကြောင်း ဖွဲ့ဆိုတဲ့ ကဗျာ မဟုတ်ပါ။ "ဘဝရဲ့သံသရာလမ်း" ကို ဘယ်လို ဖြတ်ကျော်နိုင်မလဲလို့ ညည်းညူသံပါပါ ဖွဲ့ဆိုခဲ့တဲ့ ကဗျာလေးပါ။

ကျွန်တော့်အကြိုက်ဆုံး ကဗျာထဲက တစ်ပုဒ်။ **"မင်း"** ဆိုတဲ့ ကဗျာလေးမှာ **"ဒီလေပြင်း။ ဒီအရှိန်လောက်နဲ့ ငါယိုင်သွားမယ် မင်းထင်သလား"** တဲ့။ ဘဝအားမာန်တွေ ပေးတဲ့ ဆရာမရဲ့ လက်ရာမြင့်လွန်းတဲ့ ကဗျာတစ်ပုဒ်လို့ တင်စားချင်ပါတယ်၊

**"ချုန်ရစ်ခဲ့တော့၊** နေရစ်ခဲ့ပါ့မယ်"၊ လို့ စိန်ခေါ်သံနဲ့ ကဗျာ၊

ရိုဟင်ဂျာတွေရဲ့ဘဝကို ပုံဖော်စေတဲ့ **"ကမ်းပျောက်ဘဝ"** ကဗျာ၊

**"လေထဲက ဖုန်မှုန့်"၊ "လူသား"၊ "အစိမ်းရောင်"၊ "သစ်အိုပင်"** စတဲ့ ကဗျာတွေဟာလည်း ဆရာမရဲ့ ကောင်းမွန်တဲ့လက်ရာတွေ ဖြစ်ပါတယ်။ ဆရာမရဲ့ ဒီလိုမျိုး လက်ရာမွန် ကဗျာတွေကို ဒီစာအုပ်ထဲမှာ တစ်စုတစ်စည်းတည်း ဖွတ်ခွင့်ရမှာပါ။

ကဗျာဆရာမဟာ မြန်မာစာပေကို အနှစ်သာရရှိရှိခံစားတတ်သူ၊ အကျွမ်းတဝင် ရှိသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဆရာမရဲ့ မြန်မာစာပေကျွမ်းကျင်မှုကို ကဗျာတွေမှာ စကားလုံးရွေးချယ်သုံးနှုန်းမှု၊ အကြောင်းအရာ စီစဉ်မှုတွေကတဆင့် တွေ့ရပါတယ်။ ဒီလိုနဲ့ ဆရာမဟာ **"The Art Garden Rohingya"** ရဲ့ အယ်ဒီတာအဖွဲ့ဝင်နေရာအတွက် ကမ်းလှမ်းခြင်းခံရပြီး ဆရာမရဲ့ လိုလိုလားလား လက်ခံခဲ့မှုကြောင့် **" AGR ရဲ့ ပထမဆုံးသော ရိုဟင်ဂျာ အမျိုးသမီး အယ်ဒီတာ"** တစ်ဦးအဖြစ် ရိုဟင်ဂျာတို့ရဲ့ သမိုင်းမှာ မှတ်တမ်းဝင်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့။ မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ သတင်းတစ်ပုဒ်ဟာ ကဗျာစာပေရှူး ကျွန်တော့်ကို တုန်လှုပ်စေပြီး စိတ်မကောင်းများစွာ ဖြစ်စေခဲ့ပါတယ်။ ဆရာမရဲ့ ဖတ်ချင့်စဖွယ် ကဗျာလက်ရာတွေကို ကျွန်တော်တို့ ထပ်ပြီး ဖတ်ရှုခံစားခွင့်ရတော့မှာ မဟုတ်ပါဘူး။ အသက် ၃၉ နှစ်အရွယ်ရှိတဲ့ ကဗျာဆရာမ ရှိမရှန်(န) [အမည်ရင်း- ရုကီယာဘင်ဝလီအုလ္လာ]ဟာ ကျွန်တော်တို့ကို ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ အပြီးတိုင် နှုတ်ဆက်သွားခဲ့ပါပြီ။ အမျိုးဂုဏ်ဆောင် ကြယ်တစ်ပွင့် အကြွေစောသွားတာ နှမြောမဆုံး ဖြစ်မိပါရဲ့။ ရတနာတစ်ပါးကို ကျွန်တော်တို့ အမှန်တကယ် ဆုံးရှုံးလိုက်ရပါပြီ။ အမြင့်ဆုံးသော ဂျန္နသ်သုခဘုံမှာ ငြိမ်းချမ်းစွာ စံမြန်းခွင့်ရပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ အာမိန်း။

ဆရာမရဲ့ **Facebook** စာမျက်နှာမှာ "We hope this can be a place for Ruqiya's friends and family to remember and honor her" ဆိုပြီး အမှတ်တရ ဂုဏ်ပြုစာသားပေါ်လာပါပြီ။ ဒါပေမယ့် ဆရာမဟာ ကျွန်တော်တို့ ကဗျာစာပေကြိုက်နှစ်သူတွေရဲ့ နှလုံးသားသမိုင်းထဲမှာ အမြဲကိန်းဝပ်တည်ရှိ နေမှာပါ။

ဆရာမရဲ့ "အမှတ်တရ ကဗျာစာအုပ်စုစည်းမှု"မှာ ဒီမှတ်တမ်းတင်စာလေး ရေးခွင့်ရခဲ့လို့ ကျွန်တော် အင်မတန် ဂုဏ်ယူပါတယ်။ ကဗျာဆရာမ ရှိမရှန်(န်) ကို ဒီစာတိုလေးနဲ့ လေးမြတ်စွာ အလေးပြုရင်း ဂုဏ်ပြုလိုက်ရပါတယ်။

**ယျာတင် (ရိုဟင်းသား)**

၃၊ ၁၂၊ ၂၀၂၀။

## *In Memorial of Sayama Ro Maroon*

Since we have established the Art Garden Rohingya, we have been looking for a female editor who can provide some editorial hands with us together. Sayama Ro Maroon have published some incredible Burmese poems at the Art Garden Rohingya. Her writing style and imagery she used in her poetry is so powerful. One day, I approached her telling that we were looking for a female editor. I remember she was in Thailand for her treatment. During the first call, she has not let me know how serious her illness is. But what I learnt quickly is her friendliness and kindness even over phone call. I am unfortunate to meet with her in person but I can see her the way she used to talk and smile while we talked sometimes over phone call.

When I proposed her for editor, she said 'Yes' on the spot. I still remember her reaction; "I am honored to work with you all. Finally, Allah gave me a chance to do something for my community". I had a jolt of excitement for having a female editor finally.

From February, 2020 to till her last minute, she had been with us at the Editorial Board. She had some god-gifted linguistic expertise in Burmese poetry. She was so kind, generous and honest. Hearing her sudden death caused us extremely painful. Her demise is the greatest lose for the Art Garden Rohingya. We, the Art Garden Rohingya acknowledge all of her efforts and endeavor she paid in term of Rohingya culture and literature revival.

Sayama Ro Maroon may not be in this world with us today, but her effort, writing and teaching shall shine forever. May her soul rest in eternal peace!

**Mayyu Ali**

(31-10-2020)

# ရှိုဟင်ဂျာ အမျိုးသမီးတွေကို နိုးကြားစေခဲ့တဲ့ ရှီမရှန်(န)

ဆယ်စုနှစ်ပေါင်းများစွာ နေ့စဉ်ရက်ဆက် အဖိနှိပ်ခံလာရတဲ့ ကျွန်တော်တို့ ရိုဟင်ဂျာတွေမှာ .. အမျိုးသမီးတွေရဲ့ အသံတွေမကြားရသလောက် နည်းပါးလာတယ်။ ကဗျာဆရာမဆိုတာကတော့ ရှိရကောင်းမှန်းတောင် မသိတော့တဲ့ အခြေအနေ အချိန်အခါမျိုးမှာ မရှိမရှန်(န)ရဲ့ကဗျာတွေက ရှိုဟင်ဂျာအမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို နိုးကြားလာစေခဲ့တယ်။

စာကြောင်းပေါင်းများစွာထဲမှာ ပါလာတဲ့ ခံစားချက်တွေ .. စကားသံပေါင်းများစွာထဲမှာ ပါလာတဲ့ ခံစားချက်တွေနဲ့ ကဗျာတိုတစ်ပုဒ်မှာ ပါလာတဲ့ ခံစားချက်တွေက ကွာခြားလွန်းလှတယ်။

အနှစ်သာရပေါင်းစုံ ခံစားမှုတွေနဲ့ ကဗျာတွေရေးသားခဲ့တဲ့ မရှိမရှန်(န) က လောကကြီးကို ကျောခိုင်းစွန့်ခွာသွားပေမယ့် ကဗျာတွေကတော့ မရှိမရှန်(န)ရဲ့ ပွဲတင်ထပ်သံတွေလို ကျန်ရစ်နေမှာပါ။

အစဉ်အမြဲလေးစားလျက်

**ရှိုနေဆန်းလွင်**

(၄-၁၂-၂၀၂၀)



## ဂုဏ်ယူစရာ ကြယ်တစ်ပွင့်

ကဗျာအရေးအသား စူးရှလှပပြီး ထိထိမိမိရေးတတ်တဲ့ ဆရာမရှိမရှန်း အကြွေစောသွားတဲ့အတွက် သိပ်ကိုကြေကွဲဝမ်းနည်းမိပါတယ်။ ဆရာမဟာ အမျိုးသမီး ကဗျာဆရာမတယောက်အနေနဲ့ ရိုဟင်ဂျာအမျိုးသမီးတွေအတွက် စံပြတစ်ယောက်ဖြစ်ခဲ့သလို တစ်မျိုးသားလုံးအတွက် ဂုဏ်ယူစရာ ကြယ်ပွင့်ပမာလည်းဖြစ်ပါတယ်။ ဆရာမနဲ့ ဆရာမရဲ့တန်ဖိုးရှိတဲ့ ကဗျာတွေဟာ ရိုဟင်ဂျာတွေနဲ့ ကဗျာချစ်သူတွေရဲ့ရင်ထဲ အမြဲရှိနေမှာပါ။

**မဝေဝေနု**

အမျိုးသမီးနှင့်လူ့အခွင့်အရေးလှုပ်ရှားသူ

## ထာဝရရှင်သန်မယ့် ကဗျာဆရာမ

တခါတရံ...

ရုတ်တရက် တစ်နေ့ အောက်မေ့တသရလိမ့်မယ်လို့ မထင်မှတ်ထားတဲ့ အခိုက်အတန့်လေးတွေ မမျှော်လင့်ဘဲ ရောက်လာတတ်တယ်...

ကဗျာတွေ ဖတ်ရင်းလေ့လာရင်းနဲ့ တနေ့ အင်မတန်မှကို ရိုးသားပွင့်လင်းတဲ့ ကဗျာဆရာမတစ်ဦးနဲ့ တွေ့ဆုံခွင့် စကားပြောခွင့် ရင်းနှီးခွင့်ရလိမ့်မယ်လို့လဲ ဘယ်တုန်းကမှ မထင်ထားခဲ့ဘူး...

အဲ...တွေ့မယ့်တွေ့တော့လဲ တစ်ခဏတာအတွက် လောကရဲ့ညှို့သည်တစ်ဦးမှန်း သိလာရတဲ့အခါ...

အို... လောကကြီးမှာ ဘာတစ်ခုမှ တကယ်မတည်မြဲပါလားလို့ တွေးမိပြီး ကဗျာဆရာမတစ်လက် ဆုံးရှုံးလိုက်ရတော့မှာကို ရင်တမမနဲ့ စောင့်မျှော်ခဲ့ရုံမှအပ ဘာမှမတတ်နိုင်ခဲ့...။ လာရာဆီသို့ တစ်နေ့ ပုတုဇဉ်လူသားအားလုံး ရှေ့ဆင့်နောက်ဆင့် သွားရတော့မှာပါလေ....။

အနိစ္စ..ဒုက္ခ..အနတ္တ ပေမဲ့ သူ့ရဲ့ကဗျာတွေကတော့ ထာဝရတည်မြဲနေမှာပါ

ကဗျာဆရာမ ရှိမရှ(န်) ဒီလောကကို စွန့်ခွာသွားပေမဲ့လည်း....။

ကဗျာချစ်သူတွေအားလုံးရဲ့ ရင်ထဲမှာတော့ အမြဲရှင်သန်နေသလို သူ့ရဲ့ကဗျာတွေလဲ အမြဲစိုပြေ နေဦးမှာပါ....။

ကဗျာဆရာမ ရှိမရှန်(န) ရဲ့ ဦးဦး

အောင်မျိုးဇော်(ဒေဝ)

## ပတ္တမြားမှန် နှံ့မနစ်

ကဗျာဆရာမ ရှိမရှန်(န)ဟာ ကျနော်တို့ ရိုဟင်ဂျာ အသိုင်းအဝိုင်းထဲမှာ ရှားရှားပါးပါး ကဗျာဆရာမကောင်း တစ်ဦးလို့ အရင်ဆုံးပြောလိုပါတယ်။ စိတ်ကူးယဉ်နဲ့ အတွေး ဆန်းကြယ်တဲ့ သူ့ကဗျာတွေဟာ နက်ရှိုင်းလွန်းလှပါတယ်။ ဘဝကို လွယ်လွယ်နဲ့ အရှုံးမခံခဲ့သူပါ။ ရိုဟင်ဂျာ အမျိုးသမီးဆိုတော့ တခြားအခွင့်အရေး အပြည့်အဝ ပိုင်ဆိုင်ထားတဲ့ အမျိုးသမီးတွေထက် အဆပေါင်းများစွာ အခက်အခဲတွေကို ရုန်းကန်ကျော်လွှားရခဲ့ပါတယ်။ ရွံ့ထုနွံထု အလွှာလွှာဖုံးဖိထားပေမဲ့ တောက်ပြောင်တဲ့ဂုဏ်ကိုတော့ မပျောက်နိုင်ခဲ့ဘူး။ မသေမီ ကလောင်အစွမ်းဖြင့် တောက်တောက်ပပ သက်သေပြလိုက်သွားခဲ့တဲ့ ပတ္တမြားအစစ်ပါပဲ။

ဆရာမရဲ့ ကဗျာတွေထဲက ဘဝခရီးကို ပုံဖော်ထားတဲ့

"လဲကျလိုက် ပြန်ထလိုက်

တစ်ခါတစ်ရံမှာ အပြေးတစ်ပိုင်း

မောကာသွားတော့ တစ်လှမ်းခြင်းလိုက်

နွေကန္တာ အပူကိုအံတုလို့

မိုးဝသဿာန် စိုကာစွတ်ကာနဲ့

ငွေနှင်းမှုန် ပတ်ကာဖြူးတယ်

မောဟတွေက တစ်သီတစ်တန်း

သောကပင်လယ် ပတ်ခါဝိုင်းပါလို့ "

ဆိုတဲ့ စာကြောင်းတွေက ကျနော့်အတွက် အားဆေးတစ်ခွက်လို စွဲငြိသွားပါတော့တယ်။

သူ့ဘဝတစ်လျှောက် ရေးသားခဲ့တဲ့ ကဗျာအားလုံးဟာ ရှိုဟင်ဂျာတမျိုးသားလုံးအတွက် ဘဝကို ဆက်လျှောက်ဖို့ အားဆေးတွေဖြစ်ပါတယ်။ ဆရာမက ဒီလောကကြီးကို စောစောကျောခိုင်းစွန့်ခွာ သွားပေမယ့် သူ့အတွေးတွေ၊ ကဗျာတွေရဲ့ စာကြောင်းတစ်ကြောင်းစီဟာ ကဗျာချစ်သူတွေရဲ့ စိတ်ထဲမှာ အမြဲကျန်ရစ်နေခဲ့မှာပါ။

အမြဲချစ်ခင်လေးစားလျက်

**ထွန်းလင်စိုး**

(၇-၁၂-၂၀၂၀)



“ရှိုဟင်ဂျာ ကဗျာဆရာမ ရှိမရုန်(န)၏

ကိုယ်တွေ့နှင့်ယှဉ်ကာ နောက်ဆုံး ရေးစပ်ခဲ့သော မြန်မာ၊

အင်္ဂလိပ်ကဗျာများကို စုစည်းတင်ဆက်ပါသည်။”



# ကမ်းပျောက်ဘဝ

ဖွားမြင်စပြု သေဆုံးမှုထိ
ရှင်သန်ခြင်းဟာ ဘဝ
ရှင်သန်ရင်း ရုန်းကန်ကြတယ်
ရုန်းကန်ရင်း ရှင်သန်ကြတယ်
ကြားထဲ ခြေလက်ပန်းကျတယ်
အဲ့ဒါ ရှင်သန်ခြင်း ဘဝ။

လောကဓံ ကြုံကြုံခံရင်း
နိစ္စဓူဝ ပြဿနာဖြေရှင်း
အဆိုးတွေလည်း ရင်ဆိုင်
အကောင်းတွေလည်း ခံယူနိုင်
သက်ရှူမှားအောင် ရုန်းကန်ကြရ
အဲ့ဒါ မနသသတို့ရဲ့ ဘဝ။

သောကစုံ ရင်တုန်ပိုက်လို့
အနာဂတ်လမ်း ကမ်းပျောက်ဆုံးကာ
ရှင်သန်ဖို့က ခဲခက်လာလည်း
လက်မြှောက်ဖို့လည်း မဖြစ်နိုင်
ဒို့ရှေ့ခရီး မှုန်တရီရီ
ဘယ်သောင်ဘယ်ဆီ
ခေါ်ဆောင်လို့သွားနေတယ်
ကမ်းပျောက်ဘဝ စမ်းတဝါးဝါး
အဲ့ဒါ ရှိဟင်ဂျာတို့ ဘဝ။

[၀၃-၀၂-၂၀၁၉]

# ချန်ရစ်ခဲ့တော့

သည်းခံခြင်း လမ်းဆုံးရောက်
တမ်းတစရာ လမ်းစပျောက်
ခါးသီးခြင်း ရင်ဝယ်ပိုက်ကာ
လွမ်းဆွေးခြင်း အဖော်ပြုလို့
ချန်ရစ်ခဲ့တော့ ရက်စက်သူရေ။

ချစ်ခြင်းအရောင်တွေပြောင်းလဲ
သစ္စာရဲ့တန်ဖိုး နားမလည်
နှလုံးသားတစ်ခု ကွဲကြေ
ငါ့ ရင်ခွင်မှာ
ပိုက်ထွေးခဲ့မိသော သောကမီး
ကိစ္စမရှိပါ ရက်စက်သူရေ
ချန်ရစ်ခဲ့လေတော့။

တို့မဆုံခင် ဟိုအရင်အချိန်
သူစိမ်းတစ်ယောက်လို
မှတ်ကာထားမယ်
တစ်ယာက်တည်း ရောက်လာ
တစ်ယောက်တည်း ခွဲခွာရတာ
လောကဓမ္မတာ
ကိစ္စမရှိပါ ရက်စက်သူရေ
ချန်ရစ်ခဲ့တော့။

နာကျည်းခြင်းတွေ ရင်ဝယ်ပိုက်လို့
လွမ်းရမယ့်နေ့တွေ ရေတွက်ရင်း
ငါလည်းပဲ တစ်နေ့တော့
ပြန်လည်တောက်ပလာမယ်
ချန်ရစ်ခဲ့တော့ နှလုံးသားမဲ့သူရေ။

နေရစ်ခဲ့တော့မယ်
ချန်ရစ်ခဲ့ပါတော့။

[၁၇-၅-၂၀၁၉]

# မင်း

ပန်းကလေး အင်မတန်လှတယ်
ဆွတ်ခူးရန် လက်လှမ်းခိုက်မှာ
သူ့ဆူးတွေ လက်မှာဆူးတယ်
ဒီဆူး ဒီနာကျင်မှုလောက်နဲ့
ငါ ပန်းကိုမုန်းမယ် မင်းထင်သလား။

တစ်သက်စာ
လက်တွဲမယ်လို့တွေးရင်း
ရုတ်တရက် ဖြုတ်သွားတဲ့ ဒီလက်တစ်စုံ
ဒီလို လက်တွဲဖြုတ်တာလောက်နဲ့
ငါ လဲပြိုသွားမယ် မင်းထင်သလား။

လေပြည်ညင်း တဖြူးဖြူးနဲ့
အေးမြမှုခံစားခိုက်
ရုတ်တရက်ဖြတ်တိုက်သွားတဲ့
ဒီလေပြင်း ဒီအရှိန်လောက်နဲ့
ငါယိုင်သွားမယ် မင်းထင်သလား။

ခါးသီးစရာတွေကျောခိုင်းလို့
ရှေ့ခရီးဆက်ရင်း
နောက်တစ်ကြိမ် ခလုတ်ထပ်တိုက်တယ်
ဒီခလုတ် ဒီလိုတိုက်ရုံလောက်နဲ့
ငါ ရပ်တန့်သွားမယ် မင်းထင်သလား။

၂၆-၇-၂၀၁၉ | ည ၈း၅၀

**(ဆေးရုံတက်ကုသနေစဉ်)**

# အစိမ်းရောင်

အော်ဟစ်ကာ ဆူညံပွက်လောရိုက်

ကမ္ဘာပျက်သလို ကိုယ်စီပြေးနေကြ

အနောက်ဆီက ဟိုလူကြီးတွေရယ်က

လက်နက်ကိုယ်စီပိုက်ကာ လိုက်ကြတယ်

အစိမ်းရောင်လွှမ်းသော အစာနာမဲ့သူများ။

ငိုရှိုက်သံ နားနှင့်မဆံ့အောင်လို့

မီးတောက်ထဲ လောင်ကာမြိုက်နေတဲ့

စည်းစိမ်ဥစ္စာနှင့် မိသားစုဝင်များ

မျှော်ငေးကာ ကြည့်ဖို့အချိန်မပေးကြဘူး

အနောက်ဆီက ဟိုလူကြီးတွေရယ်က

လက်နက်ကိုယ်စီပိုက်ကာ လိုက်ကြတယ်

အစိမ်းရောင်လွှမ်းသော အစာနာမဲ့သူများ။

နှလုံးသားတွေ ဗလောင်ဆူ

ခြေမှာဗလာ ရွံ့နွံမှာဖြတ်ပါလို့

အသက်လုကာ

သူ့ထက်ငါ သုတ်ခြေတင်နေကြ

အဖော်ကွဲသူ ရှာရန်အချိန်မပေးကြဘူး

အနောက်ဆီက ဟိုလူကြီးတွေရယ်က

လက်နက်ကိုယ်စီပိုက်ကာ လိုက်ကြတယ်

အစိမ်းရောင်လွှမ်းသော အစာနာမဲ့သူများ။

[၃-၁၁-၂၀၁၉]

# လူသား

မနေ့က သူ

မှတ်သားရင်း သင်ယူရင်း

လောကအရေး ဘာမှနားမလည်

အပြုံးတွေဝေဖြာ ရယ်ကာမောလို့

လှမ်းလျှောက်ရင်း ရက်တွေကူးတယ်

သြော် မောရမှန်းမသိခဲ့ပါလား။

ယနေ့တော့ သူ

ရုန်းကန်ရင်း တိုက်ခိုက်ရင်း

နိုင်တစ်ခါ ရှုံးတစ်လှည့်နဲ့

လောကဓံကို အန်တုပြိုင်လို့

လှမ်းလျှောက်ရင်း ရက်တွေကူးတယ်

သြော် မောရမှန်းမသိခဲ့ပါလား ။

မနက်ဖြန်တော့ သူ

ဆုတောင်းရင်း မျှော်လင့်ရင်း

နာကျင်မှုတွေ ရင်မှာဆူးလို့

ဝေဒနာကို ဖြေသိမ့်လျက်

မျှော်လင့်ချက် တပွေ့တပိုက်နဲ့

လှမ်းလျှောက်ရင်း ရက်တွေကူးမယ်

သြော်သူကွယ်ရမှာကို မေ့နေခဲ့မှာလား။



[၁၅-၁-၂၀၂၀]

# လေထဲကဖုန်မှုန့်

တစ်ညနေက
ငါ လမ်းလျှောက်ထွက်လာခဲ့
ဝင်အုံ့ဆဲဆဲ သူရိယနဲ့အတူ
ငါက အတွေးထဲ လွင့်မျောရင်း
သူကောင်းကင်မှာ ရောင်စုံခြယ်ရင်း
မသွားခင် နှုတ်ဆက်အနမ်းခြွေတဲ့
ချစ်သူအလား
ခံစားချက်အစုံ အရောင်စုံနဲ့
နှုတ်ဆက်ထွက်ခွာ
သူ့တာဝန် သူယူကာ
ငါ့မှာတော့ အဆုံးမဲ့ အတွေးတွေနဲ့
အမှောင်ထဲ ကျန်ရစ်ခဲ့
အတွေးတွေလည်းရှုပ်ပွေလို့
လေထဲက ဖုန်မှုန့်လို။

ငါ သီချင်းတစ်ပုဒ် ညည်းရင်း
မြူးကြွတဲ့သံစဉ်နဲ့ ကခုန်ခဲ့
သီချင်းလည်းဆုံး
ကခုန်ခြင်း ရပ်တန့်လို့
ကကြိုးလည်းပြတ်
သံစဉ်လည်းလွင့်ပျောက်လို့
လေထဲက ဖုန်မှုန့်လို။

ခဏတာ မျက်လုံးမှိတ်ရင်း
ငါ အိပ်မက်မက်ခဲ့
လှပဆန်းလွန်းတဲ့ အနာဂတ် တစ်ခု
မျက်လုံး ပြန်အဖွင့်
လွင့်ပျောက်သွားလို့
လေထဲက ဖုန်မှုန့်လို။

[25-1-2020]

# လမ်း

မဆုံးနိုင်သော ဒီဘဝခရီးလမ်း

လှမ်းလျှောက်ရင်း ခလုတ်တွေတိုက်

အချိုးအကွေ့မှာ ခွေးကကိုက်

လဲကျလိုက် ပြန်ထလိုက်

တစ်ခါတစ်ရံမှာ အပြေးတစ်ပိုင်း

မောကာသွားတော့ တစ်လှမ်းချင်းလိုက်

နွေကန္တာ အပူကိုအံတုလို့

မိုးဝဿာန် စိုကာစွတ်ကာနဲ့

ငွေနှင်းမှုန် ပတ်ကာဖြူးတယ်

မောဟတွေကတစ်သီတစ်တန်း

သောကပင်လယ် ပတ်ခါဝိုင်းပါလို့


ငါလူသား အဘယ်ကြောင့်

ဒီလောက လူဖြစ်ရတယ်

ဘဝခရီးလမ်း လှမ်းလျှောက်ရင်း

အခါခါတွေးတောမိတယ်

မဆုံးနိုင်သော ဒီသံသရာလမ်း။



10-02-2020| 01: 10



# နွေ

ကြို့ဆိုပါတယ်နွေ

နေရောင်ခြည် ပုဝါဆင်မြန်းကာ

ဥသြရဲ့ ဘီသိတ်သံတညံညံနဲ့

ဖြည်းညင်းစွာ တစ်လှမ်းခြင်းလျှောက်

မြစိမ်းရောင်ရွက်တွေ ဝါ၊ နီကာကြွေ

လေအသော့မှာ ဦးတည်ရာမဲ့ဟိုဒီလွင့်လို့

တစ်ချိန်ကအေးမြသောဆာရာ

နွေနေရောင်အောက် ကြွံကြွံခံကာ

ခုတော့ရိုးတံပြိုင်းပြိုင်း ဒီသစ်ကိုင်း

ထိုးထိုးထောင်ထောင် မိုးကိုမျှော်လို့

ပြန်လန်းဆန်းမယ် မျှော်လင့်ရင်း

ကောင်းကင်ယံ တိမ်ကင်းကာ


နေရောင်ခြည်အတားဆီးမဲ့ဖြန့်ကျက်ပါပေါ့

ရှားရှားပါးပါး တောင်လေအားကိုးနဲ့

ဒီနွေအပူကို အံတုလို့

ရှေ့ဆက်ကြမယ် နွေ....။

24-2-2020| 10:40 PM(Sun)



# သစ်အိုပင်

ခြေလျင်လျှောက်

ငါ့အရိပ်ခိုသူတွေလည်းဆုံခဲ့

လှည်းယာဉ်စီး

ကိုင်းခုတ်သွားသူလည်းဆုံခဲ့

စက်ဘီးစီး

ခေါင်းလောင်းတီးသွားသူလည်းဆုံခဲ့

ဆိုင်ကယ်စီး

ဘရိတ်နင်းကြမ်းသူလည်းဆုံခဲ့

မော်တော်ကားစီး

ဟွန်းသံကြယ်လောင့်လည်းဆုံခဲ့

ရာသီတွေအလီလီပြောင်းခဲ့

ခြေလျင်ခေတ်မှသည် စက်မှုခေတ်ရောက်ခဲ့

မြင်ကွင်းစုံ အခြေစုံဆုံခဲ့

ဤဌာနေမြဲလျက်ပါဘဲ။

သြော် ငါသစ်အိုပင်ပဲ ဘယ်မ ရွှေ့တယ်

24 - 2 - 2020| 9:50 PM(Tue)

# ကန္တာရခရီးသည်

ငါ .....

ကန္တာရခရီးသည်

တစ်ခါတစ်ခါ ဥသြသံနဲ့အတူ

တစ်ခါတစ်ခါ နွေ လေရူးနဲ့အတူ

တစ်ခါတစ်ခါ ရွက်ခြောက်တွေနဲ့အတူ

တစ်ခါတစ်ခါသူရိုရန့် ခရီးဆက်ခဲ့။

ငါ .....

ကန္တာရခရီးသည်

တစ်ခါတစ်ခါ မိုးဖွဲနဲ့အတူ

တစ်ခါတစ်ခါ လျှပ်စီးနဲ့အတူ

တစ်ခါတစ်ခါ မိုးသက်လေပြင်းနဲ့အတူ

တစ်ခါတစ်ခါ မုန်တိုင်းနဲ့အတူ

တစ်ခါတစ်ခါ မိုးရေစီးနဲ့ခရီးဆက်ခဲ့။

ငါ .....

ကန္တာရခရီးသည်

တစ်ခါတစ်ခါ မြူနဲ့အတူ

တစ်ခါတစ်ခါ နှင်းနဲ့အတူ

တစ်ခါတစ်ခါ နေရောင်နွေးနွေးနဲ့အတူ

တစ်ခါတစ်ခါ ဆောင်းလေအေးနဲ့ခရီးဆက်ခဲ့။

7-2-2019 (11pm)

# ပြုံးစမ်းပါ...မိရှိ(၁)

ဘိုးဘွားမြေလည်း ဆုံးခဲ့ပြီ

ပိုင်ဆိုင်သမျှ လောင်မြိုက်ပြာပုံကျ

ညည်းလင် ညည်းသား သူပုန်သတ်မှတ်ကာ

ညည်းအစ်မ၊ ညီမနဲ့သူငယ်ချင်းတစ်သိုက်

ဘဝတွေ ရေစုန်မျောလို့

ညည်းဖအေနဲ့ မိခင်လည်းသေခဲ့ပြီ

ပြုံးစမ်းပါမိရှိ။

လယ်ယာပေါ် ဗလာခြေနဲ့

အသက်လုကာပြေး ဒူးကျော်ကာ

ရင်ခေါင်းမြုပ်တဲ့ချောင်းမြောင်းဖြတ်လို့

တောင်ကမူတွေပေါ် တက်ကာဆင်းကာနင့်

ဘင်္ဂလားပင်လယ်ကိုလှေငယ်နဲ့ဖြတ်တယ်

ပြုံးစမ်းပါမိရှိ။

တစ်ဖက်ကမ်းမှာ မြေလွတ်မြေရိုင်းပေါ်

စိုရွှဲကာ တစ်ကိုယ်လုံးခိုက်ခိုက်တုန်

ကူကယ်သူမဲ့ ဝမ်းတစ်ထွာဟာတာတာနဲ့

အိပ်ပျက်ညတွေကျော်ကာသွားလို့

မျက်စိတစ်ဆုံး ငေးမျှော်ကာတွေဝေနေမိ

အနာဂတ်ကိုအသာထားလို့

ဒီနေ့ငါ ဘယ်လိုဖြတ်သန်းရပါ့

အတွေးပူတွေခေါင်းခါထုတ်လို့

ပြုံးစမ်းပါမိရှိ။

(27-04-2020)

# တမ်းတမ်းတတ

သတိရခြင်းခြေရာတွေ
နှလုံးသားမှာအထပ်ထပ်
တစ်ခါတစ်ရံ
ဒါငါ့နှလုံးသားလား
တိုက်ပွဲကျတဲ့ စစ်သည်တော်လား
ဝေခွဲမရလောက်အောင်
ဒဏ်ရာတွေပြည့်နှက်
သွေးစိမ်းရှင်ရှင်လူးလို့

တဆက်ဆက်တုန်ယင်နေတဲ့
ဒီ ငါ့နှလုံးသားရဲ့ တမ်းတမ်းတတ
ခေါ်မိသောအမည်နာမက
နှလုံးသားမဲ့စွာ
ကျောခိုင်းရက်သူကိုမှ။

(29-04-2020)



# ပြီးစမ်းပါ…မိရို (၂)

ညည်းစိုက်တဲ့ ဒီလယ်မြေပေါ်
သူတို့တွေ မတရားကျူးကျော်
ကောက်ပဲသီးနှံတွေ သိမ်းကာသွားတယ်
မျက်နှာပြောင်တဲ့ သူတို့တွေ
လူကိုတော့ မုန်းပါလို့
သူ့လုပ်အားကို မက်ကာမောကြတယ်
ပြီးစမ်းပါ…မိရို။

ညည်းအိမ်လောင် ပြာပုံအလိမ်းလိမ်းထဲ
ကျန်ရစ်နေ အိမ်ငုတ်တိုင်ကို
သူတို့တွေ အစဖျောက်လို့
မြေညှိကာ လွင်ပြင်ဖြစ်အောင်လို့
ဖျောက်ဖျက်ကြတယ် သက်သေတွေ
ပြီးစမ်းပါ…မိရို။

ပြေးလွှားရင်း လမ်းဆုံးရောက်လို့
ကမ်းစပ်နဘေး ခြေပစ်ထိုင်ကာ
လှမ်းမမြင်နိုင် ဟိုဘက်ကမ်းကို
ဘယ်လိုများရောက်အောင်သွားရမယ်
အတွေးပင်လယ်ဝေတယ် ဒီခေါင်းမယ်
ပြီးစမ်းပါ…မိရို။

အသက်လုပြေး လက်ဗလာနဲ့
ယူမလာနိုင် ပိုင်ဆိုင်မှုတစ်စရယ်မှ
ရင်နှစ်သည်းချာကို မြဲမြဲအောင်ဆုပ်ကိုင်လို့
တစ်ဘဝစာလုံး ဖုံးကာအုပ်ခဲ့တဲ့
အရှက်သိက္ခာ ဂရုမစိုက်နိုင်ဘူး
ထမိန်ကို ခပ်တိုတိုဝတ်ကာ
လှမ်းခဲ့ရတဲ့ ဒီခြေလှမ်း
ပြီးစမ်းပါ…မိရို။

[08-05-2020]

# အနိစ္စ

သင့်ရဲ့ သောက၊ မောဟ၊ ဒေါသ
သင့်ရဲ့ လောဘ၊ အိပ်မက်၊ မျှော်လင့်ချက်
သင့်ရဲ့ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ အထီးကျန်မှု
အရာခပ်သိမ်းချုပ်ငြိမ်းသွားမည့်နေ့
အရာရာချန်ရစ် လက်ဗလာနှင့်
ကြင်နာသူလည်းမခေါ်နိုင်
ရင်နှစ်သည်းချာလည်းမလိုက်နိုင်
စည်းစိမ်ဥစ္စာအကုန်ချန်ရစ်လို့
အထီးကျန်စွာ သွားရမယ့်ခရီး
အဖော်ကတော့ ရှိပါရဲ့
ဒါပေမယ့် နှုတ်ဆိတ်လဲလျောင်းလို့
ကိုယ်နှင့်ထပ်တူ
ဒီအမှောင်ကမ္ဘာဝယ်
ဘယ်အချိန်ထိနေရမလဲ
အဖော်မဲ့စွာ တစ်ယောက်တည်း
အနိစ္စရဲ့ ရင်ခွင်ထဲ။

[၁၄-၅-၂၀၂၀]



# ချစ်သောမေမေ

အမေ...

ကိုးလလွယ် ဆယ်လဖွား

အစားပျက် အအိပ်ပျက်ကာ

ဒုက္ခစုံအပြုံးမပျက်ရင်ဆိုင်ကျော်ဖြတ်ခဲ့ပါသော

သမီးရဲ့ချစ်သောမေမေ

ကောင်းခြင်းမင်္ဂလာနဲ့
လူ့လောကသို့ခေါ်ဆောင်

ယုယစွာထွေးပိုက်ကြင်နာစွာ
နို့ချိုတိုက်ကျွေးလို့

ပိုးမွှားကောင်အန္တရာယ်မှကာကွယ်သော

သမီးရဲ့ချစ်သောမေမေ

ငယ်စဉ်တောင်ကျေး ကလေးဘဝမှသည်

အရွယ်ရောက် လူလားမြောက်သည့်တိုင်

အရိပ်တကြည့်ကြည့် စောင့်ရှောက်ခဲ့ပါသော

သမီးရဲ့ချစ်သောမေမေ

မေမေဟာ

လမိုက်ညမှာလမ်းပြတဲ့သမီးဘဝရဲ့ ရှုဝံကြယ်

အပြောကျယ်တဲ့ ပင်လယ်ထဲ

အားကိုးဖို့ လှမ်းဆုပ်မိတဲ့

သမီးဘဝရဲ့ ကောက်ရိုးတစ်မျှင်

နွေကန္တာသဲသောင်ပြင်ထဲ

အသက်ဆက်စရာ

အိုအေစစ်ပါ မေမေ။

ချစ်သောမေမေ မာပါစေ

ဆုမွန်မှန်းကာချွေ

အနာဟူသမျှ ကင်းစေသား

သောကဝေးစေသား

မောဟမီးလည်းငြိမ်းပါစေ

ရွှေရင်အေးပါစေ

လိုတရလို့ပြည့်စေသား

ချစ်သမီးတောင်းဆုထား။

( ၁၉- ၀၅-၂၀၂၀)

# ဝေးခဲ့ကြပြီ

ဒို့တတွေ ဘဝငယ်ရွယ်
ဖို မ ဆိုတာ နားမလည်
ကစားချိန်လည်း အတူတူ
ကျောင်းသွားချိန်လည်း အတူတူ
စာကျက်ချိန်လည်း အတူတူ
ညမှောင်မှောင် လရောင်အောက်
ဖိုမ မခွဲခြား တူယှဉ်တွဲလို့
ကုန်ဆုံးခဲ့ကြတဲ့ နေ့ရက်တွေ
ဖြူစင်ခဲ့တဲ့နေ့ရက်တွေ ဝေးခဲ့ကြပြီ။

ဒို့တတွေ အရွယ်ရောက်
ဖို မ ဆိုတာ နားလည်တတ်စ
သို့ပေမဲ့
အချိန်တွေ အတူဖြတ်သန်း
တူယှဉ်ကာ နေ့ရက်တွေဖြတ်သန်း
မပြောင်းလဲတဲ့ ဖြူစင်ခြင်းတွေနဲ့
နေ့တွေက လကိုပြောင်း
လတွေက နှစ်ကိုပြောင်းလို့ ဝေးခဲ့ကြပြီ။

ရာသီတွေ အလီလီ
နေ့ရက်တွေ တရွေ့ရွေ့
ရာစုနှစ်တွေဆီ ချီတက်ပါလို့
အရာရာပြောင်းလဲပေမယ့်
ဘယ်ချိန်ဘယ်ခါ မပြောင်းနိုင်တဲ့
ဖြူစင်တဲ့ ဒို့သံယောဇဉ်
အခုများတော့
ဘယ်ဆီ ဘယ်ဝယ် ရွက်လွှင့်လို့
ဝေးခဲ့ကြပြီ သူငယ်ချင်းတို့ရယ်။

(21-08-2020)

## Life Partner

Tear.....
Oh! ho dear
wait for a while
why you want to wet my eye
was I wrong on you?

Anger.....
Oh! ho dear
wait for a while
why you want to burn me
was I wrong on you?


Upset.......
Oh! ho dear
wait for a while
why you want to pull me down
was I wrong on you?

Missing.....
Oh! ho dear
wait for a while
why you want me to feel alone
was I wrong on you?

Love.....
Oh! ho dear
wait for a while
why you want to kill me
was I wrong on you?
you all are my same birth

my life partner
so don't be cruel on me
slowly come to me
and leave me quitely
like breeze

2-8-2019| 12:15 PM (Fri)



# Silent

Many voices there

many feelings also there

sorrows there

hope also there

including you

may be lesson for someone

may be story for someone

may be history for someone

may be way for future

just close your eyes

breathe slowly and

listen to your heartbeats

This poem is written on monday

15-7-2019 | 4:33 PM.

# Teacher

My respected teacher
She treated me like a parent
Kind and caring for me
She made my life heaven,

She taught me
How to write and draw
She taught me
How to read and use

She gives me many lessons
No education
But life lessons too
She is full bright,

She taught me about the world and life
For sometimes she is a mother
She looks at me like a garden
She is a guiding star for me.

# မနေ့က အိပ်မက်

ငါ….မနေ့က အိပ်မက်တယ်
စိမ်းစိုသောလယ်ကွင်းတွေ
တေးဆိုသောကျေးငှက်တွေ
ကြည်လင်သောကန်ရေပြင်နဲ့
ကန်ရေပြင်ကိုဖြတ်တိုက်လာတဲ့
အေးမြသောလေပြေ
မိုးပြာရောင်ကောင်းကင်ထက်မှာ
တိမ်စုတစ်ချို့ ဖြည်းညင်းစွာရွေ့လို့
ငါ ပန်းခင်းလမ်းပေါ် လျှောက်နေခဲ့တယ်။

ငါ….မနေ့က အိပ်မက်တယ်
ခြောက်သွေ့သောမြက်ခင်းတွေ
ခမ်းခြောက်နေသောရေကန်နဲ့
ဥသြတွေသံပြိုင်တွန်ကျူးတယ်
ဒီလောကပူလောင် အရိပ်ကင်းမဲ့ကာ
ကောင်းကင်ထက်နေရောင်တောက်ပလို့
ငါ့ခြေအစုံ
ခရောင်းလမ်းပေါ် လျှောက်နေခဲ့တယ်။

ငါ….မနေ့က အိပ်မက်တယ်
နွေးထွေးသောကမ်းလက်တစ်စုံ
အပြုံးတစ်စဆင်မြန်းထားသူ
တောက်ပသောမျက်လုံးတွေနဲ့
သာယာနာပျော်ဖွယ် အသံနဲ့ဖိတ်ခေါ်တယ်
လာ… သွားကြစို့ ကမ္ဘာမြေအဆုံးကို
နှစ်ယောက်တည်းဘဝ တို့ဖန်တီးမယ်
လိုက်ခဲ့တော့ကြင်နာသူ
ငါ့ခြေအစုံ
မရေရာသောလမ်းပေါ် လျှောက်နေခဲ့တယ်။
ငါ…. မနေ့က အိပ်မက်တယ်။

26-03-2020| 9:40 PM (Thu)

# ဆာရာ



ပုရစ်ဖူးရယ်တဲ့ စီရရီ

ပင်စည်မိခင် ရိုးတံထက်မှာလှ

ပွင့်အာရန် အားမာန်အပြည့်ရယ်နဲ့

ဟန်ရေးရယ်တဲ့ တပြင်ပြင်

မိုးသောက်ချိန် နှင်းရည်လူးပါလို့

မြူခိုးနဲ့အတူ ပွင့်အာကြတယ်

မြစိမ်းရောင်ကမွလာခင်းရယ်က

ပင်လုံးမြိုင်စိမ်းကာစိုလို့

ပင်စည်မိခင် တစ်ဖန်ပြန်သက်ဝင်ပါပေ့ါ

အေးရိပ်ဆာရာ ခိုနားကာတွန်ကျူးတယ်

ကျေးငှက်တို့မြူး။

2-9-2019| 8:25 PM (Mon)

# ပုံ့တင်သံ

ညည်းသံ သဲ့သဲ့ကြားမိတယ်

နှုတ်ခမ်းကလား

နလုံးသားကလား

ပုံ့တင်သံရိုက်ခတ်လို့

အိုး...မိန်းမပျိုတစ်ဦးရဲ့

ဘဝပျက်သောချိန်ခါပါလား။

ငိုသံ သဲ့သဲ့ကြားမိတယ်

မျက်ဝန်းကလား

နလုံးသားကလား

ပုံ့တင်သံရိုက်ခတ်လို့

အိုး...ကလေးငယ်တစ်ယောက်ရဲ့

မိခင်ပျောက်ရှာသံပါလား။

ရှိုက်သံ သဲ့သဲ့ကြားမိတယ်

အဝေးကလား

အနီးကလား

ပုံ့တင်သံရိုက်ခတ်လို့

အိုး...မိခင်တစ်ယောက်ရဲ့ရင်ကွဲသံပါလား။

တောက်ခေါက်သံ သဲ့သဲ့ကြားမိတယ်

မချင့်မရဲသံလား

ဒေါသသံလား

ပုံ့တင်သံရိုက်ခတ်လို့

အိုး...လုလင်တစ်ယောက်ရဲ့နာကြည်းသံပါလား။

မြည်ဟည်းသံ ကျယ်လောင်လောင်ကြားမိတယ်

တော်လည်းသံလား

မိုးပြိုသံလား

ပုံ့တင်သံရိုက်ခတ်လို့

အိုး...မွေးရပ်မြေရဲ့ ကျရှုံးသံပါလား။

ခေါ်သံသဲ့သဲ့ကြားမိတယ်

လယ်ကွင်းကလား

တောင်တန်းကလား

ပုံ့တင်သံရိုက်ခတ်လို့

အိုး...အမိမြေ အာရ်ကန်ရဲ့ ခေါ်သံပါလား။

# မွေးရပ်မြေတမ်းချင်း

ကံ ဇာတ်ဆရာအလိုက်

ရွက်လွင့်လို့ တစ်နယ်ခြား

လူမမယ်ချိန်ခါကစ

လောကဓံ ကြုံကြုံခံလို့

ရုန်းကန်ခဲ့ ရက်များစွာ။

ရက်တွေက လကိုပြောင်း

လတွေက နှစ်ကိုပြောင်း

ဒီလိုနဲ့ လူလားမြောက်

ဘဝပညာ၊ လောကပညာ သင်ယူရင်း

မေ့မေ့ပျောက်ပျောက်ရှိခဲ့ မွေးရပ်မြေ။

တစ်နေ့

တော်လည်းသံအလား ရုတ်တရက်ကြား

မီးဟုန်းဟုန်းတောက်လောင်လို့

သူသူငါ အသက်လုကာပြေးနေကြ

သွေးစွန်းသွားသော ကျွန်ုပ်မွေးရပ်မြေ။

ထိုအချိန်မှ

သတိဝင်ကာ မွေးမြေပြန်တမ်းတလာ

နှောင်တတွေ ဗရပွနဲ့

ကျွန်ုပ်ရင်မှာ ဗလောင်ဆူလို့

ကျွန်ုပ်သွေးနီနီလည်း ပွက်ပွက်ဆူသွား

သို့သော်… နောက်ကျခဲ့ပြီ မွေးရပ်မြေ။

အခုတော့ သင့်ကို မျှော်ငေးကာ

နာကြည်းစွာ ပင့်သက်ရှိုက်နေရ

အလွမ်းတွေ ရင်မှာပိုက်လျက်


ဘဝမှာ ခွင့်ခါကြုံရင်ဖြင့်

သင့်ရင်ခွင်သို့ပြေးကာအရောက်လာမည်ပ

လွမ်းရပါသော မွေးရပ်မြေရယ်။

(23-1-2019)

# တိမ်တစ်စ



အပူအပင် နတ္ထိ

အတွေးခေါ် နတ္ထိ

လွပ်လပ်စွာပြေးလွှားဆော့ကစား

ငယ်စဉ်ခါ အပြစ်ကင်းစင်တဲ့

ငါဟာ တိမ်တစ်စပါလား။

အပူအပင်နတ္ထိ

အတွေးခေါ် တစ်ပိုင်းတစ်စ

ဘာမှ မရေမရာနဲ့

ဟိုမရောက် ဒီမရောက်တဲ့

ငါဟာ တိမ်တစ်စပါလား။

အပူအပင်အစပြု

အတွေးခေါ် စတင်လို့

စမ်းတဝါးဝါးနဲ့

လောကအကြောင်းစတင်လေ့လာ

ငါဟာ တိမ်တစ်စပါလား။

သင်ယူရင်း သင်ကြားရင်း

လောကဓံဝယ် လှည့်လည်ရင်း

တစ်ခါတစ်ရံ လွင့်မျောလိုက်

တစ်ခါတစ်ရံ ရပ်တန့်လိုက်

ဩော်..

ငါဟာ တိမ်တစ်စပါလား။

[12-2-2019| Mon]

# ရော်ရွက်ဝါ

ငါ

ကြွေလွင့်တဲ့ ရော်ရွက်ဝါ

တောင်လေနဲ့အတူ ဥဩရယ်ကူသံပေးပါလို့

ဂိမာန်နွေ လေပူတိုက်ကာဖြင့်

ရွက်ဝါတွေမြေမှာခကုန်ကြ

လေအဝှေ့မှာ ကိုယ်စီလိုက်ပါလို့

အလိုက်တသိ ခိုကာ ခရီးနှင်ခဲ့တယ်

တောင်ဘက်ကိုလား

မြောက်ဘက်လား။



ငါ

ကြွေလွင့်တဲ့ ရော်ရွက်ဝါ

တိမ်ညိုတွေ အုံ့ကာမှိုင်းပါလို့

မိုးဝသဘာန်ထစ်ကာ ချုန်းဝယ်ခိုက်

မိုးနဲ့အတူ စီးကာမျောပါလို့

အလိုက်တသင့်ခိုကာ ခရီးနှင်ခဲ့တယ်

တောင်ဘက်ကိုလား

မြောက်ဘက်လား။

ငါ

ကြွေလွင့်တဲ့ ရော်ရွက်ဝါ

မြောက်ပြန်လေ အသော့နှင်ဝယ်ခိုက်

မြူခိုးတွေ အုံ့ကာဆိုင်းပါလို့

ဆောင်းလေအေး အတိုက်ဝယ်

ကိုယ်စီလိုက်ပါလို့

အလိုက်တသင့်ခိုကာ ခရီးနှင်ခဲ့တယ်

တောင်ဘက်ကိုလား

မြောက်ဘက်လား။

[4-2-2019| 9:35 PM (Mon)]

# စာမျက်နှာများ

ငါ…ပျော်ရွှင်ခြင်းရဲ့ စာမျက်နှာ

ငါ…ဝမ်းနည်းခြင်းရဲ့ စာမျက်နှာ

ပျော်ရွှင်မှုတစ်ခုနဲ့

အကြိမ်ကြိမ် မပျော်နိုင်ရင်

ဝမ်းနည်းမှုတစ်ခုနဲ့

ထာဝရ ဘာကြောင့်

ဝမ်းနည်းနေမလဲ။

ငါ…ရဲရင့်ခြင်းရဲ့ စာမျက်နှာ

ငါ…ကြောက်ရွံ့ခြင်းရဲ့ စာမျက်နှာ

ရဲရင့်ခြင်းတစ်ခုနဲ့

အရာရာအောင်မြင်နိုင်ရင်

ကြောက်ရွံ့မှုတစ်ခုနဲ့

ထာဝရ ဘာကြောင့်

အဆုံးရှုံး ခံမလဲ။

ငါ…ရိုးသားခြင်းရဲ့စာမျက်နှာ

ငါ…ကောက်ကျစ်ခြင်းရဲ့ စာမျက်နှာ

ရိုးသားခြင်းရဲ့ ကောင်းကျိုးအနှစ်သာရကို

ထိုးထွင်းသိမြင်ပါရဲ့နဲ့

ကောက်ကျစ်ခြင်းရဲ့လမ်းစဉ်

ဘာကြောင့် လှမ်းလျှောက်နေမလဲ။

(Sunday 12:26 AM)

# ကမ်းလက်

အရာအားလုံး ပြုတ်ခါပြုန်းပါလို့
တို့ဖခင် တို့မိခင်ရယ်နဲ့
ဦးကြီး အရီးလည်းပါခဲ့တယ်
နမ ညီကို သားမြေးမြစ် မချန်ခဲ့
ဥစ္စာပစ္စည်း လောင်မြိုက်ပစ်တယ်
လယ်ကွင်းပြည့် သီးနှံစပါးအကုန်သိမ်းပါလို့
ကျွဲ၊ နွား အားလုံး မောင်းသွားတယ်။

တို့တတွေမှာ အသက်နဲ့ခန္ဓာမြဲစေဖို့
တော၊တောင်ကို ခြေဗလာနဲ့
ခရီးလမ်းကြမ်းလျှောက်ခဲ့တယ်။

ရှေပြင်ဝယ် ဖောင်ကိုကိုယ်တိုင်လုပ်ကာ
ဆီပုံးနဲ့ကူးတဲ့ တို့ရှိသူငယ်
အာဇာနည် ရှိအပေါင်းတို့
သင်တို့အတွက် ကျွန်ုပ်ဂုဏ်ယူတယ်။

ခုချိန်ခါ တို့တတွေ အနာဂတ်လှစေဖို့
စုပေါင်းကာ ဝိုင်းဝန်းလုပ်ဆောင်ကြတာမို့
တို့ လုံမေနမ ရှိမလေးတွေကိုဖြင့်
ချန်လှပ်ကာ မထားခဲ့ကြပါနှင့်
လက်တွဲကာ ကမ်းလက်ဆွဲပါလို့
ပုခက်လွှဲတဲ့လက် တန်ဖိုးမြှင့်တင်ကြစေဖို့
ရှိခေါင်းဆောင်ဖြစ်သူများကို
အဝေးရောက် ရှိနှမလေးက
အမှာတော်ပါးလိုက်ချင်တယ်လေး။

27-1-2019|12:09 PM (Sat)

# သုံးရောင်

အဖြူရောင်နံရံ လေးဖက်ထဲ

တစ်မျိုးကရဲရဲတောက် အနီရောင်

တစ်မျိုးက နှစ်ရောင်စပ်

နောက်တစ်မျိုးက
အမည်တပ်ခွင့်မရှိတဲ့အရောင်

နံရံလေးဖက်ထဲ ရက်တွေကြာလာတော့

အရောင်သုံးရောင် ရင်းနှီးလို့

တကယ့် မိသားစုရင်းသဖွယ်

တစ်ရောင်နဲ့ တစ်ရောင်ဖေးမကြ

ကူညီကြ၊ အားပေးကြနဲ့

ယုံကြည်မှုခြားတာကို
အတွေးထဲကပျောက်လို့

အတွေးထဲတစ်ခုပဲကျန်တယ်

ငါတို့ဟာ တူညီတဲ့အရောင်

ငါတို့ဟာ ဂုဏ်နဲ့ပြောင်နဲ့

ငါတို့ဟာ လောကတန်ဆာပါပဲ။

အပေါ်ယံအရောင်ခွဲတွေနဲ့

မိရိုးဖလာကိုးကွယ်မှုကိုအစွဲပြုလို့

တစ်ရောင်ကိုတစ်ရောင်

နားလည်မှုလွဲကာမျက်စောင်းခဲကြ

တောကြောင်တွေ လက်ခမောင်းခတ်လို့

ပွဲတော်ကြီးဆင်နွှဲကာ

ရိုးသားတဲ့အရောင်တွေ
ဘဝတွေရင်းရတယ်

ကျယ်ပြန့်ဝန်း ပုပ်ဟောင်းနံနေတဲ့

ဒီအစွဲတွေ မျက်စိတစ်ဆုံး

ဘယ်လောက်ထိ
ထပ်စောင့်ကြည့်ရမယ်

ဖြစ်နိုင်ရင် ဒီသုံးရောင်တည်း

ကမ္ဘာတည်လို့ ငါအေးချမ်းချင်လှပြီ။

[၁၀-၀၆-၂၀၂၀]



## ကဗျာဆရာမ ရှီမရှန်(န)နှင့် The Art Garden Rohingya မေးမြန်းခြင်း

၂၀၂၀ ပြည့်နှစ်၊ ဖေ ဖော်ဝါရီလ(၇)ရက်| AGR|

THE ART GARDEN ROHINGYA သည် လူမှုအခြေပြု စာပေအနုပညာ website ဖြစ်ပါသည်။ ကျွန်ုပ်တို့ THE ART GARDEN ROHINGYA သည် ရိုဟင်ဂျာတို့၏ စာပေ၊ အနုပညာ၊ ရိုးရာဓလေ့များကို ဖော်ဆောင်ပေးချင်သည့် စာပေအနုပညာချစ်မြတ်နိုးသော ရိုဟင်ဂျာလူငယ် ကဗျာဆရာများကို အားပေးအားမြှောက်ပြုလျှက်ရှိပါသည်။ ရိုဟင်ဂျာလူငယ် ကဗျာဆရာများ ကဗျာစာပေကို ရွေးချယ်ရကြောင်း၏အကြောင်းကို သိရှိနိုင်ခြင်းငှါ ကဗျာဆရာ၊ ဆရာမများနှင့် မေးမြန်းမှုပြုလုပ်သည့် အင်တာဗျူးကဏ္ဍကို တင်ဆက်လိုက်ပါသည်။

အင်တာဗျူးထဲက ထင်မြင်ယူဆချက်၊ ခံယူချက် စသည်တို့သည် ကဗျာဆရာတို့၏ အာဘော်သာဖြစ်ပြီး၊ THE ART GARDEN ROHINGYA ၏ အာဘော်မဟုတ်ကြောင်း အလေးအနက် သိစေအပ်ပါသည်။

**AG: ဆရာမရဲ့ ကိုယ်ရေးအကျဉ်းလေး မိတ်ဆက်ပေးပါ။**

**RM:** ကျမအမည် ရှိုကိုင်ယံယာဟ် လို့ခေါ်ပါတယ်။ ကျမကိုအဖေ ဦးဝလီအုလ္လာဟ်နဲ့ အမေ ဒေါ်ဆော်ဖူရာတို့က ရခိုင်ပြည်နယ် စစ်တွေမြို့၊ နာဇီရွာမှာ မွေးဖွားခဲ့ပါတယ်။ ဒါပေမယ့် ကျမတို့ရဲ့ ဇာတိက ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ မြို့မငါးရွာဖြစ်ပါတယ်။

**AG: မြန်မာနိုင်ငံမှာရှိတုန်း ကလေးဘဝက အကောင်းဆုံး အမှတ်တရ တစ်ခုလောက် ပြောပြပါလား။**

**RM:** ကျမ လက်ရှိ မြန်မာနိုင်ငံမှာဘဲ နေထိုင်ပါတယ်။ ကလေးဘဝအမှတ်တရကတော့ ကျောင်းတက်ခဲ့ရတဲ့ အချိန်တွေပါဘဲ။ အဲ့ဒီအချိန်က အားလုံးဖြူစင်ပြီး ခွဲခြားမှုဆိုတာ ဘာမှမရှိခဲ့တော့ တကယ့်ကို အဲဒီအချိန်ကို အမှတ်တရအနေနဲ့ သတိရပါတယ်။

**AG: ဆရာမရဲ့ ပညာရေး နောက်ခံ အကြောင်းလေး ပြောပြပါဦး။**

**RM:** ကျမရဲ့ ပညာရေးနောက်ခံကတော့ ကျမဘွဲ့ရ တစ်ယောက်ပါ။ ဓာတုဗေဒအထူးပြုနဲ့ ဘွဲ့ရခဲ့ပါတယ်။

**AG : ဘယ်အရာက ခင်ဗျားကို ကဗျာရေးဖွဲ့ဖို့ လှုံ့ဆော်ခဲ့တာလဲ။ ကဗျာတွေ ရေးဖြစ်တဲ့ အကြောင်းလေးပေါ့။ အဲ့ဒါလေး ပြောပြပါ။**

**RM:** ကျမ စာဖတ်ရတာ အင်မတန်ကြိုက်နှစ်သက်ပါတယ်။ ကဗျာကတော့ ကျမ စိတ်ထဲတစ်ခုခု ခံစားရတဲ့အခါမျိုးမှ ရေးဖြစ်တာပါ။

**AG: ဆရာမရဲ့ အနှစ်သက်ဆုံး ကဗျာဆရာ သို့မဟုတ် စာရေးဆရာက ဘယ်သူဖြစ်မလဲ။ ဘာကြောင့် သူ့ကို သဘောကျ နှစ်သက်တာလဲ။**

**RM:** ကျမ စာရေးဆရာ၊ ကဗျာဆရာအားလုံးကိုနှစ်သက်ပါတယ်။ အထူးသဖြင့် စာရေးဆရာ အကြည်တော်ကို နှစ်သက်ပါတယ်။ သူ့ကိုနှစ်သက်ရခြင်း အကြောင်းအရင်းကတော့ သူ့ရဲ့စာတွေဟာ စာဖတ်သူကို ရယ်မောခြင်းဖြင့် အပန်းပြေယုံမကဘဲ ရသမျိုးစုံပေးစွမ်းနိုင်လို့ပါ။

**AG: THE ART GARDEN ROHINGYA PAGE မှာ ခင်ဗျားရဲ့ ကဗျာ ဘယ်နှစ်ပုဒ် ရွေးချယ်ဖော်ပြခံရပြီလဲ။**

**RM:** ၄ ပုဒ်ပါ။

**AG: ပထမဆုံး ရွေးချယ်ဖော်ပြခံရတဲ့ ကဗျာကရော ဘယ်ကဗျာပါလဲ။ အဲ့လို ရွေးချယ်ဖော်ပြခံရတဲ့ အချိန်မှာ ဘယ်လိုခံစားရလဲ။ ခံစားချက်လေး မျှဝေပါ။**

**RM:** ကျမရဲ့ ပထမဆုံးကဗျာက Rohingya Blogger မှာ ဖော်ပြခဲ့တာပါ။ အဲ့ဒီအချိန်မှာ ကျမ ပျော်ချင်ပေမယ့် အပြည့်အဝ မပျော်ခဲ့ရပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျမတို့ရဲ့ လူမျိုးတွေ အဲဒီအချိန်မှာ ဒုက္ခပင်လယ်ဝိုင်း နေတဲ့အချိန်ဖြစ်လို့ပါ။ ဒီပေ့ဂျ်မှာတော့ ကျမရဲ့ ပထမဆုံး ကဗျာက "ကမ်းပျောက် ဘဝ" ပါ ။

**AG: ဘဝမှာ ဘာဖြစ်ချင်ပါလဲ။ ဆိုလိုချင်တာက ဘဝ ရည်မှန်းချက်က ဘာလဲပေါ့။**

**RM:** ကျမဘဝရည်မှန်းချက်က ကိုယ့်လူမျိုးတွေအတွက် တစ်ဖက်တစ်လမ်းကနေ ကိုယ်တတ်တဲ့ အရာတွေနဲ့ တတ်နိုင်သလောက် ကူညီချင်ပါတယ်။ အခွင့်အရေး ရခဲ့ရင်ပေါ့။

**AG: ဘဝရဲ့ စံပြပုဂ္ဂိုလ် (ဟီရိုး) က ဘယ်သူပါလဲ။**

**RM:** ကျမရဲ့ မိခင်ပါ။

**AG: ရိုဟင်ဂျာလူငယ်မျိုးဆက်တွေအတွက် သတင်းစကားလေး ဘာများ ပါးချင်ပါလဲ။**

**RM:** မျှော်လင့်ချက် မစွန့်လွှတ်ဖို့နဲ့ ဘယ်နေရာဘယ်ကိုပဲ ရောက်ရောက် ကြိုးစားပါလို့ ပြောချင်ပါတယ်။

**AG: ရိုဟင်ဂျာအသိုင်းအဝိုင်းတစ်ခုလုံးအတွက်ရော ပါးချင်တဲ့ သတင်းစကားလေးက ဘာများဖြစ်ပါမလဲ။**

**RM:** စည်းလုံး ညီညွတ်ကြပါလို့ ပြောချင်ပါတယ်။

**AG: အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် The Art Garden Rohingya မှ ကျေးဇူးတင်ပါတယ်။**

**RM:** ကျမကလည်း ကျေးဇူးတင်ပါတယ်။

★★★

နောင်ဆက်တွဲ

# ဝေးခဲ့ရပြီ ကဗျာရှင်

၂၀၁၈ အဆုံး၊ ၂၀၁၉အစပိုင်းတွင် ဆရာမေယုအာလီက 'POETRY PLATFORM တစ်ခု ထူထောင်ရင် ကောင်းမလား'လို့ ဆွေးနွေးလာပါတယ်။ ဆရာယျာတင်ရော ကျွန်တော်ရော ဝမ်းသာအားရကြိုဆိုပြီး ၂၀၁၉ မတ်လ ၂၁ရက်နေ့တွင် စတင်လိုက်ပါတယ်။ ဆရာလူထုဝဏ်ဏနှင့် ဆရာဒေဝံတို့ကိုလည်း ပါဝင်ကူညီရန် တောင်းဆိုတော့ အမျိုးသားရေးစိတ် ပြင်းထန်တဲ့ဆရာတို့လည်း ပါဝင်လာပါတယ်။ ရှီဟင်ဂျာလူငယ်တွေ ထင်တာထက်ပိုပြီး စိတ်ဝင်စားတာတွေ့ရပြီး လွန်စွာ ပျော်ရွှင်ပီတိဖြစ်ခဲ့တယ်။ နောက်ပိုင်း ရှီဟင်ဂျာသာမက ကမ္ဘာအနှံ့က တခြားကဗျာဆရာတွေကပါ ကဗျာတွေ ပို့လာတာတွေ့ရတော့ ပိုပြီး ပီတိဖြစ်ခဲ့ပါတယ်။ စာမူရှင်က ကဗျာတွေ ပို့တယ်။ ကျွန်တော်တို့ တာဝန် ကိုယ်စီ ခွဲဝေယူကာ တည်းဖြတ်တယ်။ ကဗျာပို့လာတဲ့အထဲမှာ တစ်ချို့ စာမူရှင်ရဲ့ ကဗျာတွေဆိုရင် ကျွန်တော်တို့မှာ တည်းဖြတ်စရာမလိုအောင် စာအရေးအသားချောမွေ့ပါတယ်။ ထိုအထဲတွင် ကဗျာဆရာမ ရှီမရှန်(န်)လဲ ပါဝင်ပါတယ်။

ဆရာမ ရှီမရှန်(န)ဟာ စာအရေးအသားကောင်းမွန်ရုံသာမက အကြောင်းအရာပိုင်းမှာလည်း အစွမ်းတက်ပါတယ်။ ၂၀၂၀ အစတွင် ကျွန်တော်တို့ လူတိုးချဲ့ရာ ဆရာမ ရှီမရှန်(န)ကို ကမ်းလှမ်းတော့ ဆရာမကလည်း ဝမ်းပန်းတသာ လက်ခံလိုက်ပါတယ်။

ဆရာမရဲ့ကဗျာတွေထဲက **ဝေးခဲ့ရပြီ** ကဗျာကိုတော့ ကျွန်တော်အကြိုက်ဆုံးပါပဲ။

၂၀၂၀ အောက်တိုဘာလ ၁၇ရက်နေ့တွင် ကဗျာထဲကလိုပဲ ဆရာမကတော့ ကျွန်တော်တို့နဲ့ ပြန်မဆုံနိုင်မယ့်ဘဝပြောင်းကာ ဝေးခဲ့သွားပြီ။

အသျှင်မြတ်က ဆရာမကို ဂျန္နသ်တွင် အမြင့်ဆုံးနေရာချီးမြှင့်ပါစေ။ အာမိန်။

**ဦးခန့်**

(ကမ္ဘာသစ်)

# အစားမထိုးနိုင်တဲ့ ဆုံးရှုံးမှုကြီး

ရှိမျိုးဂုဏ်ရောင် ထွန်းလင်းပြောင်
လျှောင်ပြောင်သူတို့ မျက်နှာညှိုးဖို့
ကလောင်သွားသော ရလဒ်ပါဟု
ကြိုးကြိုးစားစား ညဏ်စွမ်းစိုက်
ရည်ရွယ်ချက်ကြီး ပိုက်ချီခဲ့သည့်
ဆရာမရှိမရှန်(န)အား ဂုဏ်ယူမိ၏။

အမျိုးသားရေး ရှေ့ရေးတင်
ကိုယ့်ကျိုးအမြတ် အရေးမစိုက်ဘဲ
စေတနာဝန်ထမ်း အယ်ဒီတာအဖြစ်
THE ART GARDEN ROHINGYA မှာ
စေတနာရှိရှိ ဆောင်ရွက်ခဲ့တဲ့
ဆရာမမွန်အား ကျေးဇူးတင်မိ၏။

စိတ်ဓာတ်ဖြူစင် အတွေးကောင်း
ဆရာမရှိမရှန်(န)ပင်
ချစ်ခင်ဖို့ကောင်း စိတ်ထားကောင်း
စာနာစိတ်ထား ပင်ကိုစရိုက်ပါ။

တို့မျိုးရှေ့လမ်း ငါ့တာဝန် ဟု
ခံယူစိတ်မွေး နှလုံးသွေးနှင့်
အနုပညာ ကဗျာအဖွဲ့ဖြင့်
ရှိမျိုးအကြောင်း သမိုင်းတွင်အောင်
ခက်ခဲမှုကြား အားထုတ်ခဲ့၏။

ဝေဖန်ထောက်ပြ ရှိလူငယ်အား
ဘဝမြှင့်တင် အတတ်သင်ဖို့
မြေပြင်ဆုံးမ လမ်းညွှန်ပေးရင်း
ကမ္ဘာကြီးကို ကျောခိုင်းလေပြီ။

အို...အလ္လာဟ် ရှင်မြတ်တော်
ဤဆရာမ ကဗျာလက်သမားအား
အမြင့်ဆုံးဘုံ ချမ်းငြိမ်းဆုံ
ဂျော်နှော်တ္တူလ် ဖေ့ရ်ဒူစ်တော်
ချီးမြှင့်တော်မူပါစေ...။

**Lalmoti Khan @ SFI**

**မှတ်ချက်။** *ရှိဟင်ဂျာကဗျာဆရာမ ရှိမရှန် (ခ) ဒေါ်ရှုက်ကီယာကို ဂုဏ်ပြုသည့်အနေဖြင့်* ***လာလ်မတီ****က အောက်မေ့သတိရရ ဖွဲ့ဆိုလိုက်ခြင်းဖြစ်ပါသည်။*

# ကိုးကား -

၁။ RuqiyaBintiWaliullah Facebook

၂။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၇)ရက် ကဗျာဆရာမ ရှိမရှန်နှင့် Art Garden Rohingya အင်တာဗျူး

၃။ The Art Garden Rohingya

၄။ Arakan Pen

၅။ Rohingya Today

၆။ Arakan Rohingya Tv

www.theartgardenrohingya.com

“နာကျည်းခြင်းတွေ ရင်ဝယ်ပိုက်လို့
လွမ်းရမယ့်နေ့ တွေ ရေတွက်ရင်း
ငါလည်းပဲ တစ်နေ့ တော့
ပြန်လည်တောက်ပလာမယ်
ချန်ရစ်ခဲ့တော့ နှလုံးသားမဲ့သူရေ။

ချန်ရစ်ခဲ့တော့ | ရှီမရှန်း(န်)

## ရှီမရှန်း(န်)၏ နောက်ဆုံးခြေသံများ

ရိုဟင်ဂျာ ကဗျာဆရာမ ရှီမရှန်း(န်)ခေါ် ဒေါ်လှလှဝင်း၏
ဘဝနောက်ဆုံးအချိန်တွင် ရေးစပ်ခဲ့သော ကဗျာများ
စုစည်းထားသော ကဗျာစာအုပ်ဖြစ်သည်။

